# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957



**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 26 October 2023 ၁၁၂၆၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စစ်ဘက်ဆိုင်ရာ တက္ကသိုလ်ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီ ရှုသ်ကင် (Lieutenant General Igor MISHUTKIN) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီ ရှုသ်ကင်အား လက်ခံတွေ့ဆုံစဉ်။


**ယနေ့ ဖတ်စရာ**

**၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ အခြေခံပညာသင်ရိုးသစ်နှင့် လိုက်လျောညီထွေဖြစ်မည့် အဆင့်မြင့်ပညာသင်ရိုးသစ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၈



**၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၆၀၁ တွဲ ရောင်းချနိုင်ခဲ့**
စာမျက်နှာ » ၁၂

**၁၉၉၃ ခုနှစ်ကတည်းက စပြိုင်ခဲ့တာပါ၊ ပြိုင်ပွဲတွေကနေ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် စုစုပေါင်း ၁၇ ခု ရခဲ့ပါတယ်၊ ဆိုင်းပညာနဲ့ ပတ်သက်ပြီး လက်ဆင့်ကမ်းအမွေအနေနဲ့ ရောဝတီတိုင်းဒေသကြီးမှာဆိုရင် အယောက် ၁၀၀ လောက်ရှိပါတယ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၄

# မြန်မာ့အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေသည့် အနုသုခုမပညာရပ်များအား ထုတ်ဖော်ပြသယှဉ်ပြိုင်ကြသည့် ၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခမ်းနားထည်ဝါဂုဏ်ယူဖွယ်ရာ အခင်းအကျင်းများဖြင့် အောင်မြင်စွာကျင်းပနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီကာလကတည်းက အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများ ထင်ရှားခိုင်မာစွာဖြစ်ထွန်းခဲ့သည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးတမ်းစဉ်လာဓလေ့များနှင့် မြန်မာမှု၊ မြန်မာ့ဟန်စစ်စစ်များကို ရှေးမြန်မာဘိုးဘေးဘီဘင် အဆက်ဆက်လက်ထက်က ဖန်တီးပုံဖော်လာခဲ့ကြသည့် အနုသုခုမပညာရပ်များကို ယင်းကာလမှစ၍ ခေတ်အဆက်ဆက် ယနေ့ထက်တိုင်အောင် ထိန်းသိမ်းလာခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

ကမ္ဘာ့နိုင်ငံများ သမိုင်းခေတ်ပြိုင်မှတ်တမ်းများအရ မြန်မာလူမျိုးများသည် ရှည်လျားသည့်သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာတရားဆိုင်ရာ အဆုံးအမညွှန်ပြမှုများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ သိမ်မွေ့နက်နဲအဓိပ္ပာယ်လေးနက်သည့် အနုသုခုမပညာရပ်များနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု အမျိုးသားရေးစရိုက်လက္ခဏာများကို ခိုင်ခိုင်မာမာထူထောင်ခဲ့ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာဖြင့် နေထိုင်လာခဲ့ကြသည့်လူမျိုးဖြစ်ရာ အစဉ်အလာကြီးမားသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို မြန်မာနိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြရမည်ဖြစ်သည်။

"မြန်မာတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ပိုမိုထွန်းတောက်ရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ မြဲမြံစွာဖြင့် မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ဆက်လက်မြှင့်တင်ထိန်းသိမ်းသွားကြပါရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံနှင့် လူမျိုး၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့်အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည်။ အမျိုးသားယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပခြင်းကဏ္ဍတစ်ရပ်သည် တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်ကြရသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေးအားထုတ်မှုတစ်ရပ်ဖြစ်သည်။ ယဉ်ကျေးမှုသည် နိုင်ငံ၏အသက်ဝိညာဉ်ဖြစ်၍ ယဉ်ကျေးမှုမပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးသားရေးတာဝန်ဖြစ်သည်။

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မျက်မှောက်ကာလတွင် အနောက်နိုင်ငံများ၏ အနောက်တိုင်းယဉ်ကျေးမှုများ ထိုးဖောက်မှုအားကောင်းလာသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံငယ်များ၊ အထူးသဖြင့် အရှေ့တိုင်းယဉ်ကျေးမှုထွန်းကားခဲ့သော နိုင်ငံများကြားတွင် အနောက်တိုင်းယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုကြောင့် ယဉ်ကျေးမှုနှစ်ခြမ်းကွဲခြင်း၊ ယဉ်ကျေးမှုမျိုးကွဲများပေါင်းစပ်ခြင်း စသည်တို့ကို ကြုံတွေ့လာကြသည်။ အနောက်တိုင်းယဉ်ကျေးမှုကို တန်ဖိုးထားမှုလွန်ကဲလာပါက မိမိတို့၏ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ မှေးမှိန်ပျောက်ကွယ်သွားနိုင်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုပျောက်ကွယ်ပါက နိုင်ငံနှင့် လူမျိုးအပေါ် အထင်ကြီးလေးစားမှု လျော့နည်းသွားပြီး မိမိတို့၏အမျိုးသားရေးအားမာန်များ ခန်းခြောက်လာကာ တိုင်းတစ်ပါးလက်ဝေခံဘဝသို့ ရောက်သွားနိုင်သည်။

ယဉ်ကျေးမှုသည် နိုင်ငံအတွက် အလွန်အရေးကြီးပြီး ယဉ်ကျေးမှုကိုအကြောင်းပြု၍ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိရှိရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိယဉ်ကျေးမှုကို တန်ဖိုးမထားသဖြင့် တိုင်းတစ်ပါးကို အထင်ကြီးပြီး အမျိုးသားရေးအားမာန်များ ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံအချုပ်အခြာအာဏာလည်း ထိပါးနှောင့်ယှက်ခံရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းက မိမိတို့၏ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ အမျိုးသားရေးစံနှုန်းများနှင့် အမျိုးသားရေးအနှစ်သာရများ မှေးမှိန်တိမ်ကောပျောက်ကွယ်သွားခြင်း မရှိစေရန် အမျိုးသားရေးစိတ်ဓာတ် မြဲမြံခိုင်ကျည်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံအတွက်အရေးကြီးသည့် အမျိုးသားရေးစိတ်ဓာတ် မြဲမြံခိုင်ကျည်နေစေရန် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်ပေးနေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး စဉ်ဆက်မပြတ်ပေါ်ထွန်းပြီး ဝိုင်းဝန်းအားပေးမြှင့်တင်ကြရမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက်
## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
## ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မှော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။



**ဆောင်ရွက်သွားမည်**

ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူများ၏ ပူးပေါင်းထည့်ဝင်ငွေများနှင့် ပြည်သူလုပ်အားတို့ဖြင့် ကျေးရွာပြည်သူများက ပထမဦးစားပေး ရွေးချယ်ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်း ဆောင်ရွက်သွားမည့် ကျေးရွာများတွင်လည်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့် ဝန်ထမ်းများက ကျေးရွာများအလိုက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်း၊ ကွင်းဆင်းတိုင်းတာဆောင်ရွက်ခြင်း၊ ကျေးရွာအလိုက် သင်တန်းသားများရွေးချယ်၍ စီမံကိန်း စီမံချက် ရေးဆွဲနည်းသင်တန်းများ ပို့ချကာ စီမံချက်စာအုပ်များ ဆောင်ရွက်စေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပြီးစီးနိုင်ရေး ဌာနဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၅၅၁ | ၄,၉၅၉,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၃,၆၄၂ | ၁၀,၇၄၅,၄၀၀ |
| MCB | ၇,၅၀၀ | ၇,၇၀၀ | ၃၂၁ | ၂,၄၁၇,၉၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၀၈ | ၁၈၃,၆၀၀ |
| TMH | ၂,၇၀၀ | ၂,၆၅၀ | ၁,၄၃၄ | ၃,၈၀၀,၂၀၀ |
| EFR | ၂,၀၅၀ | ၂,၁၀၀ | ၄၀၅ | ၈၃၀,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁,၂၃၄ | ၆,၀၄၆,၆၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၅၁၀ | ၈၆၈,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။


themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီ ရှုသ်ကင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီ ရှုသ်ကင်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

✻ ရှေ့ဖုံးမှ

တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ စစ်သံမှူး Colonel Sergey Kurchenko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်တကွ အဖွဲ့ဝင်များအား မိမိအနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း ဦးစွာပြောကြားသည်။

### ပြန်လည်ပြောကြား

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာ တက္ကသိုလ် ကျောင်းအုပ်ကြီးက ယခုကဲ့သို့ မိမိတို့ ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်မှု၊ စစ်ဘက်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မှု၊ ပညာတော်သင် သင်တန်းသားများစေလွှတ်ခြင်းဖြင့် နှစ်နိုင်ငံ တပ်မတော်နှင့် အစိုးရနှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မာအောင် စွမ်းဆောင်နိုင်မှုတို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာ တက္ကသိုလ် (Military University of Defence Ministry) ၏ "ဂုဏ်ထူးဆောင် ပါမောက္ခ"ဘွဲ့ (Honorary Professor of the Russian Military University) ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်တက္ကသိုလ်မှ ဘုတ်အဖွဲ့များ၏ ဆုံးဖြတ်ချက်အရ ၂၀၂၁ ခုနှစ် ဇွန်လ ၂၃ ရက်တွင် ချီးမြှင့်အပ်နှင်းပေးအပ်နိုင်ခဲ့သည့်အတွက်လည်း များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြန်လည်ပြောကြားသည်။

### ဆွေးနွေးပြောကြား

ဆက်လက်ပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာ တက္ကသိုလ်မှ ဆောင်ရွက်လျက်ရှိသည့် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ ယခုလက်ရှိတွင် ဘာသာစကားသင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိပြီး မြန်မာဘာသာစကားကို တိုးချဲ့သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် မြန်မာနိုင်ငံ၌ မြန်မာဘာသာစကား လာရောက်သင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးစေလိုမှုအခြေအနေများ၊ မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်တို့သည် ပြည်သူကပေါက်ဖွားလာသည့် တပ်မတော်များဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးနေမှုကြောင့် ကာကွယ်ရေးတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ပြောကြားခဲ့ကြသည်။

### အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ ဆောင်ရွက်လျက်ရှိသည့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ ယခုလက်ရှိတွင် ဘာသာစကားသင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိပြီး မြန်မာဘာသာစကားကို တိုးချဲ့သင်ကြားနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် မြန်မာနိုင်ငံ၌ မြန်မာဘာသာစကား လာရောက်သင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးစေလိုမှုအခြေအနေများ၊ မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်တို့သည် ပြည်သူကပေါက်ဖွားလာသည့် တပ်မတော်များဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးနေမှုကြောင့် ကာကွယ်ရေးတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြား**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Iskander Azizov သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၊ သံတမန်ဆောင် ညှိ့ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**


ထို့နောက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက် ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ ပညာသင်ကြားမှုဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ခရီးသွားကဏ္ဍ မြှင့်တင်မှုကိစ္စရပ်များနှင့် အခြားကဏ္ဍပေါင်းစုံ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့်နှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များ သွားရောက်လျက်ရှိမှုနှင့် ခိုင်မာကောင်းမွန်သည့် ဆက်ဆံရေးရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လက်ရှိနိုင်ငံရေးဆိုင်ရာဖြစ်ပေါ် တိုးတက်နေမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Iskander Azizov က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Iskander Azizov အား လက်ခံတွေ့ဆုံစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအသစ်အဖြစ် ခန့်အပ်ခြင်းခံရသည့် မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအသစ်အဖြစ် ခန့်အပ်ခံရသည့် မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်၊ လျှပ်စစ်နှင့် ခရီးသွားလုပ်ငန်း အပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

■



# ပြည်သူလူထုအတွက် ထုတ်ကုန်များစွာကို ဒေသအသီးသီးတွင်ရှိသည့် MSME များ ထုတ်လုပ်ပေးခြင်းအားဖြင့် နိုင်ငံ၏ GDP တိုးတက်လာအောင် ဆောင်ရွက်သွားရမည်

**❍ ကျော်ဖုံးမှ**

ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် (၁/၂၀၂၂) အစည်းအဝေးကို ၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၅ ရက်နေ့နှင့် ဒုတိယအကြိမ် (၁/၂၀၂၃) အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကာ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများ ချိတ်ဆက်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအစည်းအဝေးသည် လုပ်ငန်းကော်မတီ၏ တတိယအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ရည်ရွယ်ချက်များအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် သေချာသော ပြည်တွင်းကုန်ကြမ်းများကို အသုံးပြုသည့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သော စားသုံးဆီ၊ ဆန်နှင့် ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ၊ ဝါ၊ ကော်ဖီ၊ လက်ဖက်လုပ်ငန်းများ၊ သစ်၊ ကြိမ်၊ ဝါးများကို အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ မွေးမြူရေး အသား၊ ငါးကို အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးနိုင်ရန်၊ လုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများက ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေး တွန်းအားပေးလုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

**အဓိကကျသည့်သော့ချက်**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ရေခံမြေခံ ပထဝီအနေအထားနှင့် အပြန်အလှန်ဆက်စပ်လျက်ရှိပြီး နိုင်ငံတစ်ခုလုံး အေးချမ်းသာယာ စည်ပင်ဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်တည်ဆောက်ရေး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့်သော့ချက်ဖြစ်ကြောင်း။

နိုင်ငံတစ်ခုအတွက် စီးပွားရေးဦးမော့လာစေရန်အတွက် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍပေါင်းများစွာရှိသည့်အနက် MSME များကို အားပေးမြှင့်တင်ခြင်းသည် အဓိကအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေကြောင်း၊ MSMEများသည် စီးပွားရေးလုပ်ငန်းများတွင် အဓိကအရေးပါသော အခြေခံလုပ်ငန်းများဖြစ်သည့်အတွက် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့သည့် မြန်မာနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒမှာ MSME ကဏ္ဍ၏အရေးပါပုံကို အထူးအလေးထားဖော်ပြထားကြောင်း၊ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေးမတည်ငြိမ်သည့် ကြားကာလများမှာပင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအား ထိန်းကျောင်းပေးနိုင်စွမ်းရှိကြောင်းကို လေ့လာသိရှိရကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး" နှင့် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"၊ အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေး" နှင့် "စားရေရိက္ခာ ဖူလုံရေး" တို့ကို နိုင်ငံတော်၏မျှော်မှန်းချက်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်**

အဆိုပါမျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ခဲ့ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဦးတည်ချက် (၃)ရပ်ထဲတွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" နှင့် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"** ဆိုသည့်အချက်များလည်း ပါဝင်ပါကြောင်း။

အဆိုပါ စီးပွားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံ့စီးပွားကို မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး ပြည်သူလူထုအတွက် ထုတ်ကုန်များစွာကို ဒေသအသီးသီးတွင်ရှိသည့် MSME များကို ထုတ်လုပ်ပေးခြင်းအားဖြင့် နိုင်ငံ၏ GDP တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံအတွင်း စားရေရိက္ခာဖူလုံမှုအတွက် အဓိကထားထုတ်လုပ်စေခြင်းမှ အဆိုပါလုပ်ငန်းများကိုအခြေခံပြီး အခြားသော ကဏ္ဍများဖြစ်သည့် ပြည်တွင်းပြည်ပ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကိုလည်း ဘက်စုံတိုးတက်လာစေရန် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင်ရှိသည့် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ(၂၃) ကြိမ်၊ မိမိအနေဖြင့်လည်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ(၄)ကြိမ်ပြုလုပ်ခဲ့ပါကြောင်း၊ တွေ့ဆုံပွဲများတွင် လုပ်ငန်းရှင်များမှ ကဏ္ဍအလိုက်လိုအပ်ချက်များ တင်ပြကြပြီး အဆိုပါတင်ပြချက်များကို ခြုံငုံကြည့်ပါက အများအားဖြင့် **နည်းပညာ၊ ငွေကြေး အရင်းအနှီး၊ ဈေးကွက်၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာ** လိုအပ်ချက်များကို အများဆုံးတင်ပြခဲ့ကြကြောင်း၊ နိုင်ငံတကာတွင်လည်း MSME များသည် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရရှိမှု၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်းစသည့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရကြောင်း။

မိမိတို့မြန်မာ့ MSME များအနေဖြင့် တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများနှင့် အခြားသော အခက်အခဲများကို စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားသွားရမည်ဖြစ်ပြီး ရှိနေသည့်အခွင့်အရေးများကိုလည်း အရယူပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရမှုအစား ပြည်တွင်း MSME များမှ လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခြေခံလူသုံးကုန်ပစ္စည်းများ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရန် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ဈေးကွက်အတွင်း အချိန်မီရောက်ရှိမှသာ ကုန်ထုတ်လုပ်မှုကို အမြန်ဆုံးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုတွင် သေချာသည့် ပြည်တွင်းကုန်ကြမ်းကို အသုံးပြုပြီး ထုတ်လုပ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် ထပ်မံတိုက်တွန်းလိုကြောင်း။

**အစပျိုးစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်**

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးပုံစံများ အဆင့်ဆင့်ပြောင်းလဲလာခဲ့ပြီး နည်းပညာများ၊ ဆန်းသစ်တီထွင်မှုများ၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုဆိုင်ရာ နည်းပညာများသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာသည်ကိုတွေ့ရှိရကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရန် Incubation Center များ တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုကောင်းမွန်လာစေရန်၊ ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုများ ပိုမိုအားကောင်းလာစေရန် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် MSME များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ချိတ်ဆက်နိုင်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးမှုတို့ကလည်း အသက်သွေးကြောကဲ့သို့ အလွန်အရေးပါသည့်အတွက် ဒေသအသီးသီးတွင် ဈေးကွက်များ၊ ကုန်စည်အဝယ်ဒိုင်များ ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဒေသတွင်းထုတ်ကုန်များကိုလည်း နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး အစီအမံများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

- **❖ မိမိတို့မြန်မာ့ MSME များအနေဖြင့် တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများနှင့် အခြားသော အခက်အခဲများကို စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားသွားရမည်ဖြစ်ပြီး ရှိနေသည့်အခွင့်အရေးများကိုလည်း အရယူပြီး ဆောင်ရွက်သွားကြရမည်**
- **❖ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရမှုအစား ပြည်တွင်း MSME များမှ လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရမည်**

**MSME လုပ်ငန်းများ၏ အောင်မြင်မှုခြေလှမ်းတစ်ရပ်**

လက်တွေ့ချိတ်ဆက် ဆောင်ရွက်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်များ ဦးဆောင်သည့် MSME အေဂျင်စီများမှ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအရ ဒေသအလိုက် MSME လုပ်ငန်းများမှ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို သီလဝါအထူးစီးပွားရေးဇုန်ရှိ Free ဇုန်နှင့် Promotion ဇုန်တို့မှ ကုမ္ပဏီလုပ်ငန်း ၂၈ ခုမှ လိုအပ်သည့်အမှာစာများအတိုင်း တင်ပို့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ MSME လုပ်ငန်း ၃၆ ခုမှ အမှာစာ ကုန်ကြမ်းပစ္စည်းအမျိုးပေါင်း ၃၃ ခုကို ကာလတန်ဖိုး ကျပ်သန်း ၆ ဒသမ ၅၆၂ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄ သန်းကျော် ထုတ်ကုန်ပစ္စည်းဈေးကွက် ချိတ်ဆက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည့်အတွက် MSME လုပ်ငန်းများ၏ အောင်မြင်မှုခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အလားတူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် MSME အေဂျင်စီများကလည်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီများ၏ ဆောင်ရွက်မှုများကို နမူနာယူပြီး မိမိတို့ MSME ထုတ်ကုန်ပစ္စည်းများ၊ OROP ထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက်ရရှိရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအထိ ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတကာဈေးကွက်ရရှိပြီး ပြည်ပပို့ကုန်အဖြစ် တင်ပို့နေသည့် ပစ္စည်းအမယ်များအပြင် အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ပြည်တွင်းသွင်းကုန်အစားထိုးနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအချင်းချင်း ဒေသလိုအပ်ချက်များ ဒေသတွင်းစားသုံးသူများ၏ လိုအပ်ချက်များ အစရှိသည်တို့ကို အချင်းချင်း အပြန်ပြန်အလှန်လှန် ဖြည့်ဆည်းနိုင်ရေး ဒေသဆိုင်ရာ အေဂျင်စီများအချင်းချင်း အားပေးထောက်ပံ့သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ယင်းမှာတိုင်းပြည်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်ပဈေးကွက်များတွင်လည်း ယှဉ်ပြိုင်ရောင်းဝယ်မှုများ၊ ကုန်သွယ်မှုများ တိုးတက်လာစေရန် စီးပွားရေးဝန်းကျင်ကောင်းများကိုလည်း ဖန်တီးဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် MSME များ လုပ်ငန်းစတင်ထူထောင်နိုင်ရန်နှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို အတတ်နိုင်ဆုံး နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယခုအစည်းအဝေးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့က ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်နေ့မှစ၍ နိုင်ငံတော်မှ ရန်ပုံငွေထောက်ပံ့မှု ၁၇၀ ဘီလီယံအတွက် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်း၊ နိုင်ငံ၏ ပို့ကုန်ဝင်ငွေတိုးတက်စေသည့် လုပ်ငန်း၊ လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများ ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အန္တရာယ်ကျရောက်မှုမှ ကင်းဝေးစေရန်ဆောင်ရွက်မည့်လုပ်ငန်း၊ စွမ်းအင်ချွေတာရေးလုပ်ငန်း၊ ပြည်သူအများစုအလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့် လုပ်ငန်း၊

**စာမျက်နှာ ၆ သို့ ❍**

○ စာမျက်နှာ ၅ မှ

သွင်းကုန်အစားထိုးလုပ်ငန်း၊ ဒေသထွက်ကုန်ကြမ်းကို အခြေခံသော ထုတ်လုပ်မှုလုပ်ငန်းနှင့် ပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေး မြှင့်တင်သည့်လုပ်ငန်း စသည့်လုပ်ငန်းနယ်ပယ်(၈)ရပ် အပေါ်အခြေခံပြီး ချေးငွေ ထုတ်ချေးနိုင်ရေးကိုလည်း လိုအပ်သည့် စံသတ်မှတ်ချက်များ၊ SOP များနှင့် ပတ်သက်ပြီး မူကြမ်းရေးဆွဲထားမှုအပေါ် ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးကာ MSME ဗဟိုကော်မတီဥက္ကဋ္ဌထံ မူအားဖြင့် အတည်ပြုနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် လိုအပ်သည့် အရင်းအနှီးများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တစ်ခုတို့အတွက် ငွေကျပ် ၁၅၂ ဘီလီယံပေးအပ်ထားမှုအပေါ် သက်ဆိုင်ရာဝန်ကြီးချုပ်များ၊ ဒေသဥက္ကဋ္ဌများက MSME လုပ်ငန်းများအတွက် ချေးငွေများကို လိုအပ်သလို စိစစ်ပြီး ထုတ်ချေးပေး လျက်ရှိသည်ကို သိရှိရပါကြောင်း။

### ဒေသတစ်ခု ထုတ်ကုန်တစ်ခု

ယခင်လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP)အဖြစ် သတ်မှတ်ပြီး အားပေးမြှင့်တင်နိုင်ရန် လုပ်ငန်းအစီအမံများ ရေးဆွဲတင်ပြပေးကြရန် မှာကြားထားပြီးဖြစ်ကြောင်း၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များကလည်း မိမိတို့၏ OROP ဆိုင်ရာအစီအစဉ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အားသာချက်/ အားနည်းချက်များကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးကြရန်နှင့် အဆိုပါ OROP အစီအစဉ်များနှင့် စက်မှုချိတ်ဆက်ဆောင်ရွက်မှုမြှင့်တင်ရေး (Industrial Linkage Promotion Plan)များကို **"ပြည်တွင်းထုတ်ကုန် အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်ရရှိစေရန်"**ဆိုသည့် အချက်(၃)ချက်ကိုရည်ရွယ်၍ MSME အားပေးမြှင့်တင်ရေးအစီအစဉ်များနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့မြန်မာ့ MSME များ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံခြားသုံးငွေလျှော့ချနိုင်ခြင်းနှင့် ပို့ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ပြီး နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာခြင်းစသည့် အကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအချက် (၃) ချက်ကို ရည်ရွယ်ပြီး MSME များကို အားပေးမြှင့်တင်ပေးရေး ဆောင်ရွက်ရာတွင် သေချာသည့် ကုန်ကြမ်း၊ လိုအပ်သည့် သွင်းအားစု၊ နည်းပညာ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အခြေခံအုတ်မြစ်သဖွယ် အလေးထား စီမံပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ တင်ပြရန် ကျန်ရှိနေသေးသည့် တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ် နှစ်ခုတို့မှ အေဂျင်စီများကလည်း အမြန်ဆုံး မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်မည့် အစီအမံများကို တင်ပြရန် လိုအပ်ပါကြောင်း၊ MSME အဓိကကဏ္ဍဖြစ်သည့် ကုန်ကြမ်း၊ နည်းပညာ၊ အရင်းအနှီးများမည်မျှပင် ပြည့်စုံအောင်ဖြည့်ဆည်းပေးနိုင်စေကာမူ လူ့စွမ်းအားအရင်းအမြစ် အားနည်းနေပါက MSME လုပ်ငန်းများ လျင်မြန်စွာ အရှိန်အဟုန်ဖြင့် အောင်မြင်နိုင်ရန် ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကမောင်းနှင်အားဖြစ်သည့် အေဂျင်စီများက ဂရုပြုပံ့ပိုးစီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**❖ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည့်နိုင်ငံဖြစ်ပြီး နိုင်ငံအတွက် လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်လိုအပ်**

**❖ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံခြင်း၊ တာဝန်ယူခြင်း တို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကာ MSME ကဏ္ဍလျင်မြန်စွာအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်**

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးရာတွင်လည်း MSME များ အမှန်တကယ်လိုအပ်သည့် ကျွမ်းကျင်လုပ်သားများကို TVET အစီအစဉ်များဖြင့် မွေးထုတ်ပေးခြင်းနှင့် ခေတ်နှင့်အညီ လိုအပ်လာသည့် ကျွမ်းကျင်မှုများ တတ်မြောက်လာစေရန် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆက်စပ်သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးရေးအစီအစဉ်များ ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း။

### သင်တန်းသားပေါင်း ၁၉၈၄၆၀ တို့ကို လေ့ကျင့် သင်ကြားပေးနိုင်ခဲ့

သို့ဖြစ်၍ MSME လုပ်ငန်းရှင်များ အဓိကလိုအပ်ချက်ဖြစ်သည့် မဖြစ်မနေ ဆောင်ရွက်သင့်သည့် ဒစ်ဂျစ်တယ်နည်းပညာများကို ပိုမိုဆောင်ရွက်နိုင်ရေးအတွက် မဲခေါင်– လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် MSMEs Upskilling and Reskilling Digital Capacity Development Forum နှင့် 5 Days Hybrid Training Program of Digital Upskilling and Reskilling for Mekong–Lancang MSME လုပ်ငန်းများ၊ MSMEနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၀ ခုဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနများက သင်တန်းအမျိုးပေါင်း ၂၆၀ ကို သင်တန်း ၃၆၇၅ ကြိမ် သင်တန်းသားပေါင်း ၁၉၈၄၆၀ တို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး တက်ရောက်ဆဲ သင်တန်းသားသင်တန်းသူ ၉၄၁ ဦးရှိပါကြောင်း၊ ယင်းမှာ MSME လုပ်ငန်းကော်မတီမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းခွင်လေ့ကျင့်ပေးမှု၊ ကျွမ်းကျင်မှုအစီအစဉ်အရ လုပ်ငန်းကော်မတီ၏ အေဂျင်စီက ဦးဆောင်ပြီး စားသုံးဆီများသန့်စင်ရေး Refinery နည်းပညာ ပံ့ပိုးရေးသင်တန်း၊ ပိတ်သားမှ နူးညံ့အောင်ပေါင်းခံခြင်း အလုပ်ရုံဆွေးနွေးပွဲ သင်တန်းများကို ခုနစ်ကြိမ်၊ သင်တန်းသား သင်တန်းသူ ၇၃၀ တို့ကို လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများမှာ အဆင့်မြင့်ပညာရပ် ဆက်လက်မသင်ကြားနိုင်ခြင်း၊ သင်ယူလိုမှု အခြေအနေမရှိတော့သည့် လူငယ်များကို လုပ်ငန်းခွင်ကျွမ်းကျင်မှုရရှိရေးအတွက် အနိမ့်ဆုံး KG+ 9 အောင်မြင်ပြီးသူများကို ခရိုင် ၅၁ ခရိုင်တွင် ကျောင်းပေါင်း ၅၁ ကျောင်းဖွင့်လှစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအတတ်ပညာသင်တန်းများကို ယခုနှစ်မှစတင်ပြီး သင်ကြားပေးခဲ့ရာ သင်တန်းသားသင်တန်းသူ ၄၈၈၄ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ စက်မှုဘာသာရပ်တွင် သင်တန်းသားသင်တန်းသူ ၃၀၅၅ ဦး၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၁၀၇၄ ဦး၊ မွေးမြူရေးဘာသာရပ်တွင် ၇၅၅ ဦး တက်ရောက် သင်ကြားလျက်ရှိပြီး ယခုထက် ပိုမိုသင်တန်းများတိုးမြှင့်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး နိုင်ငံအတွက် လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှကူညီ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံခြင်း၊ တာဝန်ယူခြင်း တို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကာ MSME ကဏ္ဍလျင်မြန်စွာအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာအချက်အလက်များနှင့် ချေးငွေဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုထိရောက် ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်တွက် ကော်မတီများဖွဲ့စည်းကာ မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ၊ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ၊ အေဂျင်စီများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSMEလုပ်ငန်းများအပါအဝင် ပုဂ္ဂလိက ကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကလိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်စသည့် အချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အဆင့်မြင့် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုပြီး အရည်အသွေးမီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ MSME ထုတ်ကုန်များ အွန်လိုင်းစနစ်ဖြင့် ရောင်းချနိုင်ရေးအတွက် E– Market Place for Myanmar Products Platformကို တည်ထောင်ပေးထားပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသဆိုင်ရာ အေဂျင်စီများအနေဖြင့် Digital Trans–formation တွင် လိုက်ပါဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်သည့် အခြေအနေများနှင့် MSME လုပ်ငန်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ လတ်တလော ဆောင်ရွက်ချက်များကို MSME Webportal တွင် လွှင့်တင်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၀၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ**

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၅-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၄–၁၀–၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၅–၁၀–၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၀၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့ တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းမှု ကြည့်ရှုအားပေး




နေပြည်တော် အောက်တိုဘာ ၂၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာသွေးလှူရှင်များသည် ယနေ့တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စုပေါင်းပြီး သွေးလှူဒါန်းကြရာ နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး သွားရောက်ကြည့်ရှုအားပေးသည်။

## ကြည့်ရှုအားပေး

စုပေါင်းသွေးလှူဒါန်းရာတွင် နေပြည်တော်တွင် ၅၄ ဦးနှင့် ရန်ကုန်၊ မန္တလေးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ၄၅၃ ဦး သွေးလှူရှင်စုစုပေါင်း ၅၀၇ ဦးတို့က လှူဒါန်းခဲ့ပြီး အဆိုပါသွေးလှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနကြီးမှူးများ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာနှင့် ဆေးဝါးများ ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းခြင်း အစီအစဉ်များကို ၂၀၁၆ ခုနှစ်မှ စတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခုအကြိမ်မှာ (၁၂) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ဘားအံ အောက်တိုဘာ ၂၅

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သော ကရင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်း စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကရင်ပြည်နယ် တာဝန်ခံ) ဦးခင်မောင်ဦး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီနှင့် ပြည်သူ့ရှေ့ဆောင်ပါတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကရင်ပြည်နယ် တာဝန်ခံ) က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲများတွင် အသုံးပြုမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး၊ မဲမသမာမှုများ မဖြစ်စေရေးအတွက် မဲစာရင်းပြုစုရာတွင် နည်းပညာအသုံးပြု၍ ပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းစနစ်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းများပြည့်စုံ မှန်ကန်ရေးအတွက် နိုင်ငံရေးပါတီများ အနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် ပါတီဝင်အင်အားစုဆောင်းခြင်း၊ ရုံးခန်းဖွင့်လှစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှူးနှင့် ပြည်နယ်ရွေးကောက်ပွဲအရာရှိတို့က နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစိစစ်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပါတီအင်အားစာရင်းစိစစ်ခြင်း၊ ရုံးခန်းဖွင့်လှစ်ခြင်းနှင့် ပါတီလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြခဲ့ကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(ကရင်ပြည်နယ် တာဝန်ခံ)က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇေယျာသီရိမြို့နယ်၌ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်း၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း တတိယနေ့အဖြစ် ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးရာတွင် မဲဆန္ဒရှင်များသည် မဲပေးစက်၏ထိန်းချုပ်စက်(Control Unit)ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိမဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပြည်သူများရှိရာ ရပ်ကွက်နေရာများအထိ ကော်မရှင်မှ တာဝန်ရှိသူများက စနစ်တကျ သရုပ်ပြရှင်းလင်းဆွေးနွေးခြင်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းတို့အတွက် များစွာကျေးဇူးတင် သဘောကျနှစ်ခြိုက်ခဲ့ကြပြီး စမ်းသပ်မဲပေးခြင်းအစီအစဉ် ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် စိတ်စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားများသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ အောင်ဇေယျရပ်ကွက် ကျည်တောင်ကျေးရွာအုပ်စု၊ စည်ပင်ကြီးကျေးရွာအုပ်စုနှင့် သာယာကုန်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၅၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး ဒုတိယဝန်ကြီး/ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မူးယစ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြသည်။

ဦးစွာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာနှင့်အဝှမ်း လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသော ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့သည် လွန်စွာအရေးကြီးပါကြောင်း။




မူးယစ်ဆေးဝါးမှုခင်းများသည် လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်ဖြစ်ပွားနေပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်နှောင့်ယှက်မှုများ ဖြစ်ပေါ်နေသည့်အတွက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ကို လမ်းညွှန်မှုဘောင်အဖြစ် အသုံးပြုပြီး နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မိမိဒေသနှင့်ကိုက်ညီမည့် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သည်များကို ထိထိရောက်ရောက် ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများမှာ အဓိကခြိမ်းခြောက်နေသည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထူးစစ်ဆင်ရေး ၃၈ ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး Operation 39 ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်းပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်အထိ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးပြား၊ အိုက်စ်၊ ကက်တမင်း၊ အက်တက်စီဆေးပြား၊ Happy Water အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ ထိန်းချုပ်ထားခြင်း မရှိသည့် ဓာတုပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၀၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၈၁ သန်းကျော်) ဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော UNODC၊ AFP၊ DEA၊ NNCC၊ ONCB တို့နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ပိုမိုတိုးမြှင့်ဆောင်ရွက်**

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ် (New Drug Policy) နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေး ဆောင်ရွက်နေရုံဖြင့် မပြည့်စုံဘဲ မိမိတို့ဌာနများအနေဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ပေးကြရန်နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း၌ ဆောင်ရွက်လျက်ရှိသည့် စီမံချက်ပါလုပ်ငန်းများ၊ မိမိတို့လုပ်ငန်းအဖွဲ့များအလိုက် ချမှတ်ထားသည့် တာဝန်များကို အလေးထားလိုက်နာ ဆောင်ရွက်ပေးကြရန်နှင့် အထူးသဖြင့် လူငယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူးက မူးယစ်ဆေးဝါးထိန်းချုပ်ရေးကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြခြင်း၊ တွဲဖက်အတွင်းရေးမှူးက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကြိုးပမ်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများတင်ပြခြင်း၊ တက်ရောက်လာသူများက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်ချက်/အကြံပြုချက်များ တင်ပြခြင်းများ ဆောင်ရွက်ပြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ အခြေခံပညာသင်ရိုးသစ်နှင့် လိုက်လျောညီထွေဖြစ်မည့် အဆင့်မြင့်ပညာသင်ရိုးသစ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ အခြေခံပညာသင်ရိုးသစ်နှင့် လိုက်လျောညီထွေဖြစ်မည့် အဆင့်မြင့်ပညာသင်ရိုးသစ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာတက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် လက်ရှိပညာရေးအရည်အသွေးထက် မနိမ့်ကျစေဘဲ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တာဝန်ကျရာနေရာအသီးသီးတွင် စေတနာအပြည့်ဖြင့် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ တက္ကသိုလ်များတွင် ကိုယ့်ဌာန၊ ကိုယ့်ဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်သိစွာ ကြိုးစားဆောင်ရွက်လျက်ရှိကြသည့် ဆရာ ဆရာမများကို ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တက္ကသိုလ်များ၌ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါ့ပေါ့လျော့လျော့ တာဝန်ကျေလုပ်ဆောင်ခြင်းမဟုတ်ဘဲ လေးလေးစားစား တန်ဖိုးထားဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးလုပ်ငန်းဆောင်ရွက်ကြရာတွင် လုပ်ဖော်ကိုင်ဖက်များအပေါ် နွေးနွေးထွေးထွေးဖြင့် လက်တွဲဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအား ပညာတတ်အောင် သင်ကြားရုံသာမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိလာအောင်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်လာအောင် ပြုစုပျိုးထောင်သင်ကြားပေးကြစေလိုကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ မိမိတို့ဦးစီးဌာနများ၏ ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ရာတွင် တိကျမှန်ကန်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လျှို့ဝှက်ရုံးကိစ္စရပ်များကို တိတိကျကျလိုက်နာရန်နှင့် ဥပဒေကို လေးစားလိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ ၂၀၂၄ ခုနှစ် ဧပြီလတွင် တစ်နိုင်ငံလုံး အမျိုးသားရေးအသွင်ဖြင့် စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်တွဲပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏ ကျောင်းသား ကျောင်းသူများကိုလည်း စာတတ်မြောက်ရေးလှုပ်ရှားမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေးကို နှိုးဆော်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြောင်းလဲလိုက်သည့်စနစ်သစ်ပညာရေးနှင့် ချိတ်ဆက်မည့်တက္ကသိုလ်ပညာရေးတွင် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ သင်ကြားသင့်သည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ခံပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခြင်းကို ဦးဆောင်ရသူများဖြစ်၍ ဂုဏ်ယူရမည်ဖြစ်သကဲ့သို့ တာဝန်လည်းကြီးမားပါကြောင်း၊ ကျောင်းသားများအား 21st Century Skills များရအောင် လေ့ကျင့်ပျိုးထောင်ကြစေလိုကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# သိန္နီမြို့တွင် မိုးစပါးစံကွက်ရိတ်သိမ်းနေမှုအခြေအနေအား ကွင်းဆင်းကြည့်ရှု

**သိန္နီ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့ မြို့မအုပ်စု အကွက်အမှတ်(၅) ဟိုနောင်ရပ် တောင်သူဦးဘဝင်း၏ မိုးစပါးစိုက်ခင်း မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းနေမှုအား ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးပိုင်သူရချို၊ မြို့နယ်စံကွက်ရိတ်သိမ်းရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုအားပေးခဲ့သည်။ မိုးစပါး စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးအထွက်နှုန်း ၁၁၁ ဒသမ ၄၉ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်





**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဘော်လီဘောအားကစား အဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာစေရေး၊ အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘော်လီဘောအားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားကြစေရေးတို့အတွက်ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဘော်လီဘော အားကစားနည်းသည် နည်းစနစ်ကို အခြေခံ၍ အားကစားသမား တစ်ဦးချင်း၏ ကျွမ်းကျင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ သက်လုံနှင့် ကြံ့ခိုင်မှုပြည့်ဝရန် လိုအပ်သည့်အပြင် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိပြီး အပေးအယူမျှတစွာ ယှဉ်ပြိုင်ရသည့်အားကစားနည်းဖြစ်သည့်အတွက် အားကစားသမားတစ်ဦးချင်းရော အသင်းလိုက်ပါ လေ့ကျင့်မှုပြည့်ဝရန်လိုအပ်ကြောင်း၊ ဘော်လီဘောအားကစားနည်းသည် နိုင်ငံအတွက် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ခဲ့ပြီး အောင်မြင်မှု အစဉ်အလာကောင်းများ ရှိခဲ့သည့် အားကစားနည်း ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် မျိုးဆက်သစ်အားကစားသမားများကိုဖော်ထုတ်၍ မြန်မာ့ဘော်လီဘောအားကစားနည်း ပြန်လည်ဦးမော့လာစေရေး ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အားကစားသမားများအနေဖြင့် ပြိုင်ပွဲတွင် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အသန့်ရှင်းဆုံးယှဉ်ပြိုင်ကြရန်နှင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့က ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဧည့်ပရိသတ်များသည် ဘော်လီဘောအမျိုးသားပြိုင်ပွဲ ရောဝတီတိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးဘော်လီဘောပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း၊ အားကစားသမား စုစုပေါင်း အင်အား ၄၁၈ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် အားကစားကို စိတ်ပါဝင်စားသည့်ပြည်သူများ အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်





**နေပြည်တော် အောက်တိုဘာ ၂၅**

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip–FAM Trip) အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်သည့်ခရီးစဉ်တွင် လိုက်ပါလာသည့် ရုရှားခရီးသွားကိုယ်စားလှယ်များအား ယနေ့ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်၍ အမှတ်တရ ပန်းစည်း ပေးအပ်သည်။

**တက်ရောက်**

ကြိုဆိုပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီး၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းမှ ဒုတိယဥက္ကဋ္ဌ Mr. Alexander OSTROVSKIY နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ စီးပွားရေးကိုယ်စားလှယ် Mr. Vladimir Kazadaev၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်း၍ "Welcome Russia Program in Myanmar" အစီအစဉ်ကို မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုသိရှိလာရောက်လည်ပတ်စေရန်နှင့် မြန်မာနိုင်ငံ၏ခရီးသွားဆွဲဆောင်မှုများကို ရုရှားခရီးသွားဈေးကွက်တွင် မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု FAM Trip ခရီးစဉ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လိုင်စင်ရပြည်ပခရီးစဉ်ဆောင်ရွက်သူများ၊ သတင်းနှင့် ရုပ်သံဌာနတို့မှ ကိုယ်စားလှယ် ၄၃ ဦးတို့ ပါဝင်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကို၊ ဗလာဒီဗော့စတော့၊ နိုဗိုစီဗစ်နှင့် ဆိုက်ဘေးရီးယား၊ အီတာရင်ဘတ် အစရှိသော ဒေသများမှ ခရီးသွားကုမ္ပဏီများနှင့် မီဒီယာများမှ ကိုယ်စားလှယ်များပါဝင်ကြောင်း၊ မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသများဖြစ်သော ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ကော့သောင်း၊ ငပလီ၊ ငွေဆောင်အစရှိသည့် ခရီးစဉ်ဒေသများကို သွားရောက်လည်ပတ်ကြမည်ဖြစ်ရာ ဒေသအလိုက် ခရီးသွားဆွဲဆောင်မှုများနှင့် အတွေ့အကြုံများ၊ ရိုးရာအစားအစာများကို မြည်းစမ်းကြရမည်ဖြစ်ကြောင်း။

ရုရှားခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုလည်ပတ်နိုင်ရန် ရန်ကုန်-မန္တလေး-နိုဗိုစီဗစ်-မန္တလေး- ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ်ကို မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (Myanmar Airways International –MAI)က စက်တင်ဘာ ၅ ရက်က စတင်ပြီး ပျံသန်းပြေးဆွဲ လျက်ရှိသောကြောင့် FAM Trip ကို လိုက်ပါသည့် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရန် ခရီးစဉ်များရေးဆွဲရာတွင် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ မြန်မာနိုင်ငံ၏ သာယာအေးချမ်းမှု၊ လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်မှု၊ စိတ်ဝင်စားဖွယ်ကောင်းသော ခရီးစဉ်ဒေသများအကြောင်းကို ရုရှားခရီးသွားဧည့်သည်များထံ သတင်းစကား ပြန်လည်မျှဝေပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ က ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားကာ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်သည့် ခရီးစဉ်တွင် လိုက်ပါလာသည့် ရုရှားခရီးသွားကိုယ်စားလှယ်များအား မြန်မာ့ရိုးရာအကများဖြင့် ကြိုဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မန္တလေးမြို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မင်္ဂလာမန္တလေးဟိုတယ်၌ တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာအသင်းအဖွဲ့များက အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ၂၀၂၃-၂၀၂၄ ခုနှစ် အတွက် အာဆီယံခရီးသွားစံနှုန်းဆု (ASEAN Public Toilet Award) ရရှိသော မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လေကြောင်းမှရောက်ရှိလာသော ပြည်တွင်းပြည်ပခရီးသွားများ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသဆိုင်ရာ သတင်းအချက်အလက်များကို အလွယ်တကူ သိရှိနိုင်ရန် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးမြို့ ၆၈ လမ်းနှင့် ၂၇ လမ်းထောင့်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် လွှတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့်ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက်လွှတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လွှတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနၝ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးကို လွှတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၇၆) နှစ်မြောက် လွှတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လွှတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည့်အချက်များ၊ ဆပ်ကော်မတီအတွင်း ညှိနှိုင်းဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို ကဏ္ဍအလိုက်အသီးသီး ရှင်းလင်းတင်ပြကြရာ လွှတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာ စကား ပြောကြားကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) သင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယခုအချိန်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်၍ ထိရောက်အောင်မြင်စွာ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) တွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ **“ဒီဂရီကျောင်းဆင်း ကျောင်းသား ကျောင်းသူများအား မိမိဒေသ အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေး အတွက် MSME လုပ်ငန်းများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်စေရန်”** ဟူသော လမ်းညွှန်မှာကြားချက်အရ သင်တန်းဆင်း မောင်တို့မယ်တို့ကို အဆိုပါ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနလေးခုဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့တွင် တာဝန်ပေးခန့်အပ်သွားမည် ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုများ ပိုမိုရရှိလာပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်ပြီး အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌ တိုင်းရင်းသားလူငယ်များ ထဲထဲဝင်ဝင်ပါဝင် ဆောင်ရွက်နိုင်စေရန်နှင့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)နှင့် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့် အချိန်မှ ယနေ့ထိ ဝိဇ္ဇာဘွဲ့ ၄၂၂ ဦး၊ သိပ္ပံဘွဲ့ ၇၇၄ ဦး၊ B-Tech ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၇၁၈ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၀၅၂ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ မဟာဝိဇ္ဇာဘွဲ့ ၇၈ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၈၁ ဦး၊ BE ၅၁၁ ဦး၊ ME ၂၂ ဦး၊ B-Tech ၂၀၇ ဦး ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် အဆိုပါအောင်မြင်မှုများကို အတုယူကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို တိတိကျကျလိုက်နာ ကျင့်ကြံနေထိုင်ကာ နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ အဂတိတရား လေးပါး ကင်းရှင်းပြီး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစွာဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍအသီးသီးတွင် ပေးအပ်သော တာဝန်ဝတ္တရားများကို စေတနာထားပြီး တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ဖွဲ၊ လုံ့လ ဝီရိယ၊ ကျွမ်းကျင်မှု၊ လေ့လာဆည်းပူးမှုများဖြင့် ကြိုးစားကျင့်ကြံ၍ နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာအောင် နေထိုင်လုပ်ကိုင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားတစ်ဦးနှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားတစ်ဦးတို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာနလေးခုမှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၁၇၂ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက် လာကြသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်၍ ထူးချွန် ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံကာ ဂုဏ်ပြုအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဂရီကောလိပ်အတွင်း သာယာလှပရေးနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) သို့ရောက်ရှိပြီး တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများနှင့်တွေ့ဆုံ၍ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တင်ပြသည့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းပိတ်ရက်ကာလအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စိုက်ပျိုး/မွေးမြူရေး၊ စက်မှုလက်မှု၊ ဂီတ၊ အိမ်တွင်းမှု ဘာသာရပ်ဆိုင်ရာ သင်ပြနည်း သင်တန်းများအား လိုက်လံကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။ ယင်းနောက် ကျောင်းဝင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် သာယာလှပရေး၊ အားကစားကွင်းနှင့် အားကစားရုံများ အဆင့်မြှင့်တင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) အမှတ်စဉ်(၁၆) သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ





ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးပြိုင်ပွဲ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “မဟော်သဓာ” ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ရန်ကုန်တိုင်းဒေသကြီး မဟော်သဓာဇာတ်တော်ကြီးအဖွဲ့က ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**ပြိုင်ပွဲအဆင့်များ**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များ၏ အဆင့်သတ်မှတ်ချက်များအနေဖြင့် ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)တို့ကို ပြိုင်ပွဲအဆင့်များအဖြစ် သတ်မှတ်ထားသည်။

ယနေ့တွင်**“မဟာဂီတ”တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သောင်းရွှေလယ်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဧယျာအောင်သံ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) စောင်းအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ယှဉ်ပြိုင်စဉ်။

**“ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူချွန်လူကောင်း” သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ပျံသန်းရမည့်နေ့” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဆုတောင်း ပတ္တနာ” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**၏ သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့် သီဆိုခြင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝါကျွတ်အခါမီ တူရာသီ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထိန်းသိမ်းစို့လေ ရိုးရာအမွေ” ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်း လေ့ကျင့်သီဆိုကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဒီပါအေးမြ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “နန်းသီဟိုဠ်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ကန္တာတောခြေ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**စောင်းအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆဒ္ဒန်အိုင်သာ” (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်ချာမြေကို” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဆန်းနွေဦး” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆန်းဆန်းသဍ္ဍာကြာညောင်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “ဆန်းဆန်းသဍ္ဍာကြာညောင်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**အိုးစည်အတီးပြိုင်ပွဲ**

**အိုးစည်အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။ **စာမျက်နှာ ၁၂ သို့** ❖

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် ကုသနေသော (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဲဖြတ်ပညာရှင်ကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် တက်ရောက်ကုသနေသော (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်သေးအကဲဖြတ်ပညာရှင်အဖြစ် ဆောင်ရွက်ရန်ရောက်ရှိနေသည့် ရုပ်သေးအကဲဖြတ်ပညာရှင် ဦးစိန်ထွန်းကြည် အသက် (၈၄)နှစ်ကို သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

အဆိုပါ သက်ကြီးရုပ်သေးအကဲဖြတ်ပညာရှင် ဦးစိန်ထွန်းကြည်သည် Diagnosis – Melena with syncope for I/T (အကြောင်းရင်းသေချာစွာ မသိရသေးသော ဝမ်းအမည်းသွားခြင်းနှင့် မူးမေ့လဲခြင်း) တို့ကြောင့် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရွာတော်ရှိ ဆင်ဖြူရှင်ဒေ့ရိပ်သာဆေးခန်းမှ လူနာတင်ယာဉ်ဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ ယမန်နေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် တက်ရောက်ခဲ့ပြီး ခွဲစိတ်ကုသဆောင် အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော စမ်းသပ်စစ်ဆေးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူနာမှာ ဆေးရုံတက်ရောက်ချိန်တွင် ကောင်းမွန်စွာ သတိရပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၆၀၁ တွဲ ရောင်းချနိုင်ခဲ့



နေပြည်တော် အောက်တိုဘာ ၂၅

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းဘက်နှင့် အပြင်ဘက်တို့တွင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းဖြစ်ပြီး ယနေ့ ပြပွဲတွင် ကျောက်စိမ်းအတွဲ ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၀၁ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲ သတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၇၅၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်းအတွဲပေါင်း ၇၅၃ တွဲ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချသည့် ပုလဲအတွဲပေါင်း ၃၀၀ ကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၀၀ ရောင်းချပေးနိုင်ခဲ့ပြီး ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက် ၇၃ တွဲကို ရောင်းချနိုင်ခဲ့ကာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အနက် ၇၀၂ တွဲကို ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ကျန်ရှိနေသည့် ကျောက်စိမ်းတွဲများကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၈ ရက်အထိ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၁၁ မှ

**ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက် အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

### ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုရောလှိုင်းရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

### ဇာတ်တော်ကြီးပြိုင်ပွဲ

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ရန်ကုန်တိုင်းဒေသကြီး မဟော်သဓာ ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းများနှင့် ပြိုင်ပွဲဝင်များအဆင်ပြေချောမွေ့စေရေးအတွက် အထောက်အကူပြု ဆပ်ကော်မတီများကိုဖွဲ့စည်း၍ ပြိုင်ပွဲဝင်များ၊ နည်းပြများနှင့် အုပ်ချုပ်သူများ၏ သွားလာရေး၊ တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကျန်းမာရေး၊ ပြိုင်ပွဲနှင့်သက်ဆိုင်သည့် သတင်းအချက်အလက် ရရှိရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် လူသုံးကုန်ပစ္စည်းဆိုင်၊ အဆာပြေအစားအစာဆိုင်၊ ဆံသဆိုင်၊ အလှပြင်ဆိုင်နှင့် ဗဟုသုတရေးရာ စာအုပ်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ၊ ခမ်းနားစွာ၊ စိတ်အေးချမ်းမြေ့စွာ ကျင်းပယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ မြင်ကွင်း



အဆင့်မြင့်ပညာအဆင့် (ကာလပေါ်) အမျိုးသား အဆိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် အမျိုးသမီး (ကာလပေါ်) အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား (ကာလပေါ်)အဆိုပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အရေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လေ့ကျင့်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးမဟာဂီတအဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စောင်းအတီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ဒုတိယတန်း) အိုးစည်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးအကပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ပထမတန်း)အိုးစည်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။

အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။







အမျိုးသား ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ယှဉ်ပြိုင်စဉ်။

# ၁၉၉၃ ခုနှစ်ကတည်းက စပြိုင်ခဲ့တာပါ၊ ပြိုင်ပွဲတွေကနေ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်စုစုပေါင်း ၁၇ ခု ရခဲ့ပါတယ်၊ ဆိုင်းပညာနဲ့ပတ်သက်ပြီး လက်ဆင့်ကမ်း အမွေအနေနဲ့ ရောဝတီတိုင်းဒေသကြီးမှာဆိုရင် အယောက် ၁၀၀ လောက်ရှိပါတယ်

ပတ္တမြားလှိုင်မင်း

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ နေမျိုး**
**ဓာတ်ပုံ - ကိုကိုနေ**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲအစီအစဉ်များကို ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့တွင် အကောင်းဆုံးစွမ်းဆောင်ခဲ့ပြီး ဗဟိုအဆင့်သို့ တက်လှမ်းခဲ့ပြီဖြစ်သော ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။


မောင်ငြိမ်းနေထက်


မောင်ပြည့်ဖုန်းခန့်


မောင်အာရုဏ်ဦး


မထက်နဒီအောင်


ပတ္တမြားလှိုင်မင်း


မသဇင်ထက်

**မောင်ငြိမ်းနေထက်**
**အမျိုးသားအကပြိုင်ပွဲ**
**မွန်ပြည်နယ်**

ပြိုင်ပွဲဝင်အတွေ့အကြုံကတော့ စတုတ္ထတန်းကတည်းက ယှဉ်ပြိုင်ခဲ့တာပါ။ မနှစ်ကတော့ မပြိုင်ဖြစ်ဘူး။ ဒီနှစ်မှ ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ ပြိုင်တဲ့နှစ်တိုင်းနီးပါးလောက် ဆုတံဆိပ်တွေရပါတယ်။ အကုန်လုံးကတော့ ပထမဆုပဲ လိုချင်ကြမှာပါ။ ဒါပေမယ့် ဆုရဖို့ကတော့ အကောင်းဆုံးတွေချည်း လာရောက်ယှဉ်ပြိုင်ကြတာဆိုတော့ ကံတရားပေါ့။ နည်းပြဆရာကတော့ နေပြည်တော်မှာရှိတဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ပြိုင်ပွဲတွေ ကျင်းပပေးတာ အများကြီးကောင်းပါတယ်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းရာရောက်ပြီး မပျောက်ကွယ်သွားဖို့ ယဉ်ကျေးမှုအမွေအနှစ်တွေ ဆက်လက် တိုးပွားလာမယ်လို့လည်း ယုံကြည်ပါတယ်။ ပါဝင်ယှဉ်ပြိုင်ရတာလည်း ပျော်ပါတယ်။ အခုလို ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်ပြည့်ဖုန်းခန့်**
**စန္ဒရားအတီးပြိုင်ပွဲ**
**ရန်ကုန်တိုင်းဒေသကြီး**

စန္ဒရားအတီး စသင်တာ သုံးနှစ်ခွဲလောက်ရှိပါပြီ။ အခုလို ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေကိုတော့ အခုနှစ်မှ စပြိုင်တာပါ။ ပြိုင်ပွဲ ဝင်ပြိုင်ရမှာကတော့ အသက် ၁၀ နှစ်၊ ၁၅ နှစ် မဟာဂီတပြိုင်ပွဲဖြစ်ပါတယ်။ မဟာဂီတနှစ်ပုဒ်နဲ့ ကာလပေါ်တစ်ပုဒ် ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်ပြီး မဲနှိုက်လို့ကျတာကို ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲကတော့ သီချင်းသုံးပုဒ်ပေးထားတယ်။ အဲဒီသုံးပုဒ်ထဲကနေ မဟာဂီတပဲဖြစ်ဖြစ်၊ ကာလပေါ်ပဲဖြစ်ဖြစ် မဲကျတာကို ယှဉ်ပြိုင်ရမှာပါ။ ဆုတံဆိပ်တော့ မှန်းထားပါတယ်။ ရမယ်မရဘူးဆိုတာတော့ ပြောလို့မရသေးပါဘူး။

**မောင်အာရုဏ်ဦး**
**ဝါသနာရှင်အဆင့် အိုးစည်ပြိုင်ပွဲ**
**စစ်ကိုင်းတိုင်းဒေသကြီး**

အခုလို ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေကို ငယ်ငယ်တုန်းကတော့ တစ်ခါ ပြိုင်ဖူးပါတယ်။ ကြားကာလမှာ မပြိုင်ဖြစ်ခဲ့ဘဲ အခုတစ်ကြိမ်ရောက်မှ ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ အရင်တုန်းက ပါဝင်ယှဉ်ပြိုင်ဖြစ်တာကတော့ ဝါသနာရှင် အကပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဗဟိုအဆင့် ပြိုင်ပွဲကို ရောက်ဖို့ အချိန်အကြာကြီးပေးပြီး လေ့ကျင့်ခဲ့တာပါ။ အိုးစည်ပြိုင်ပွဲမှာ အဖွဲ့သားငါးယောက် ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အိုးစည်တီးက တစ်ယောက်၊ နဲ့တစ်ယောက်၊ ဝါးတီးတစ်ယောက်၊ လင်းကွင်းတီးတစ်ယောက်၊ အကတစ်ယောက် ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လက်ရွေးစင်တွေ တက်လာတာဆိုတော့ ဆုရဖို့၊ မရဖို့ကတော့ ကံတရားပါပဲ။

**မထက်နဒီအောင်**
**ဝါသနာရှင်အဆင့် စောင်းအတီးပြိုင်ပွဲ**
**ရှမ်းပြည်နယ်**

ကျွန်မက စောင်းအတီးအတတ်ပညာကို ဝါသနာပါလို့သင်ယူခဲ့တာပါ။ လက်ဦးဆရာကတော့ အင်းလေးဒေသက ဦးထွန်းမြင့်ဖြစ်ပါတယ်။ အရင်က ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို တစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဒါပေမယ့် အခုလို ဗဟိုအဆင့်ကို မရောက်ခဲ့ပါဘူး။ လက်စွမ်းပြတီးကွက်သုံးမျိုးလောက်ကို အထူးကြိုးစားပြီး လေ့ကျင့်ထားပါတယ်။ အားလုံးကတော့ ဆုရချင်ကြမှာပါပဲ။ ဗဟိုအဆင့်ကို ရောက်လာချိန်မှာ အားလုံးက တော်တဲ့လူတွေချည်းဖြစ်တာကြောင့် ဆုရဖို့ကတော့ ကြိုတင်မပြောနိုင်သေးပါဘူး။

**ပတ္တမြားလှိုင်မင်း**
**ဆိုင်းအတီးပြိုင်ပွဲ**
**ဧရာဝတီတိုင်းဒေသကြီး**

ကျွန်တော်တို့ ဆိုင်းအတီးပြိုင်ပွဲဝင် ရှစ်ယောက်ပါပါတယ်။ ၁၉၉၃ ခုနှစ်ကတည်းက စပြိုင်ခဲ့တာပါ။ ပြိုင်ပွဲတွေကနေ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်စုစုပေါင်း ၁၇ ခု ရခဲ့ပါတယ်။ လက်ဦးဆရာကတော့ ဟင်္သာတမြို့က ဆရာကြီး ဦးစိန်မောင်ခင်ပါ။ နောက်ထပ်ဆရာတွေကတော့ ဆရာစိန်ဗိုလ်တင့်၊ ဆရာစိန်စတင်းတို့ဖြစ်ပါတယ်။ ဆိုင်းပညာနဲ့ပတ်သက်ပြီး လက်ဆင့်ကမ်းအမွေအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် အယောက် ၁၀၀ လောက်ရှိပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာလည်း ကျွန်တော်နဲ့အတူ အယောက် ၂၀ လောက်ပါပါတယ်။ ကျွန်တော်တို့ကတော့ အနုပညာကို လေးစားမြတ်နိုးတန်ဖိုးထားတဲ့အတွက် ဒီဆိုင်းအတီးပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းကို ရပ်တည်ပါတယ်။ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ကို သံစုံတီးမှာပါ။ သတ်မှတ်ထားတဲ့တီးလုံးကတော့ ဆရာကြီးတွေရဲ့ သီချင်းတစ်ပုဒ်ပါရမယ်။ မဟာဂီတထဲက သီချင်းကြီးတစ်ပုဒ် ပါရမယ်။ တိုင်းပြုပြည်ပြုသီချင်းပါရမယ်လို့ သတ်မှတ်ထားပါတယ်။ ပြိုင်ပွဲဝင်အချိန်ကတော့ မိနစ် ၃၀ ဖြစ်ပါတယ်။

**မသဇင်ထက်**
**အမျိုးသမီးအကပြိုင်ပွဲ**
**မွန်ပြည်နယ်**

ပါဝင်ယှဉ်ပြိုင်ရတဲ့အချိန်မှာ တီးလုံးတစ်ခွင်စာပဲ ကခွင့်ရမှာဖြစ်လို့ အားသွန်ခွန်စိုက် သက်လုံကောင်းကောင်းနဲ့ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဖြစ်တဲ့အတွက် ပရိသတ်တွေကိုလည်း ဖမ်းစားနိုင်ပြီး ဒိုင်တွေရဲ့အကြိုက်ကိုလည်း ဖမ်းစားနိုင်မယ့် ကကွက်မျိုးတွေ ကြိုးစားကပြသွားမှာ ဖြစ်ပါတယ်။ နည်းပြကတော့ တစ်ချိန်တုန်းက နာမည်ကြီးခဲ့တဲ့ အငြိမ့်မင်းသမီးကြီး ဒေါ်ခိုင်သဇင်သင်း ဖြစ်ပါတယ်။ ဆရာမကြီးဆီက ပညာတွေသင်တယ်။ ပညာတွေလည်း ပြည့်ပြည့်ဝဝပေးပါတယ်။ ယဉ်ကျေးမှုတက္ကသိုလ်ကနေ သဘင်ပညာရပ်နဲ့ ကျောင်းပြီးတာပါ။ ဆရာ ဆရာမတွေရဲ့ သင်ကြားပေးမှုကိုဆက်ခံပြီး မြန်မာ့ယဉ်ကျေးမှု သုခုမပညာရပ်တွေ ရေရှည်တည်တံ့ဖို့ ဒီလိုဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေ နှစ်စဉ်ကျင်းပပေးစေချင်ပါတယ်။ ။

## လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

**လွိုင်လင် အောက်တိုဘာ ၂၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာ၌ တောင်ပေါ်ဒေသတွင် ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ် ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်း စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများတွင် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများ၊ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဆင်တောင်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးက ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ စီမံကိန်းဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ငွေကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆင်တောင်ကျေးရွာမှ တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများပေးအပ်ကာ ပြည်နယ်ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားတက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျေးရွာလိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြသည်။


အဆိုပါ လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာတွင် အိမ်ခြေ ၆၇ အိမ်၊ လူဦးရေ ၃၉၃ ဦးရှိကြောင်း၊ စီမံကိန်းလုပ်ငန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ ရန်ပုံငွေထောက်ပံ့ပေးမှုနှင့် ရှမ်းပြည်နယ်အစိုးရတို့၏ ကူညီမှုတို့ဖြင့် ဆောင်ရွက်ပေးမည့်လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နေပြည်တော်အတွင်းရှိ သံဃာတော်များနှင့် သီလရှင်များ အသည်းရောင်/အသားဝါဘီပိုး ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်များနှင့် သီလရှင်များအား အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း(မြန်မာ)မှ ကမ္ဘာ့အသည်းရောင်ရောဂါနေ့အထိမ်းအမှတ် အသည်းရောင်/အသားဝါဘီပိုး ရောဂါကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မဟာဓမ္မိကာရာမအုန်းတောပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိမထေရ်မြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းဖောင်ဒေးရှင်း(မြန်မာ)မှ နာယကကြီး ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) အောင်သန်းထွဋ်နှင့် အလှူရှင် Ever Meter Co.,Ltd မှ ဦးမျိုးအောင်၊ အသည်းအထူးကုပါရဂူ ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား) ပါမောက္ခဒေါက်တာ ကျော်စိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း(မြန်မာ)၏ နာယကက ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ လည်းကောင်း၊ အသည်းအထူးကုပါရဂူ ပါမောက္ခဒေါက်တာ ကျော်စိုးထွန်းက အသည်းရောင်/အသားဝါ ရောဂါဘီပိုး ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းလျှောက်ထားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ကျေးဇူးတင်စကား လျှောက်တင်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဆရာတော်၊ သံဃာတော်များအား အသည်းရောင်/အသားဝါ ရောဂါဘီပိုး ကာကွယ်ဆေးထိုးနှံနေမှု၊ ပျဉ်းမနားမြို့နယ် (ခုတင်-၂၀၀)ဆံ့ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား မျက်စိ၊ ခွဲစိတ်၊ အထွေထွေရောဂါများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်း၊ တပ်မတော်ဆေးတပ်ဖွဲ့ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်း ၁၇၅ ကျောင်း၊ သီလရှင်ကျောင်း ငါးကျောင်းတို့တွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်အပါး ၁၁၀၀ နှင့် သီလရှင် ၁၉ ပါး စုစုပေါင်း ၁၁၂၄ ပါးတို့အား အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း(မြန်မာ)မှ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ် အသည်းရောင်/အသားဝါဘီပိုး ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အောက်တိုဘာ ၂၅ ရက်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် တတိယအကြိမ်အဖြစ်လည်းကောင်း သုံးကြိမ်အပြည့် အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ဒုတိယဝန်ကြီး ဦးဇော်အေးမောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၅

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် သံဃာတော် ၄၁၇ ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် မိသားစုဝင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တာဝန်ခံ ဦးစန်းလှိုင်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ် (သင်/ကြား) ဒေါက်တာ ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလခံယူပြီး တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ဒုတိယဝန်ကြီးနှင့် မိသားစုများ၊ ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် မိသားစုများ၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေခြင်းနှင့် သာဓုအနုမောဒနာခေါ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ သံဃာတော် ၄၁၇ ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာတိပိဋကရေဓမ္မဘဏ္ဍာဂါရိက ပိဋကတ်စာကြည့်တိုက်တွင် ရခိုင်သမိုင်းစာအုပ် ခြောက်မျိုးနှစ်စုံနှင့် ဝန်ကြီးဌာနမှ ထုတ်ဝေလျက်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားမဂ္ဂဇင်းစာအုပ် ၁၀ အုပ်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မွန်ပြည်နယ်အတွင်းရှိ ဥပဒေရုံးဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲ ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၂၅

မွန်ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက် ရှိကြသော ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၃ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် ဥပဒေချုပ်ရုံးရှိသင်တန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ဥပဒေချုပ်က သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယ ထူးချွန်ဆုများ ရရှိခဲ့ကြသော သင်တန်းသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး မွန်ပြည်နယ် ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သော ဆရာ ဆရာမများနှင့် ကူညီဆောင်ရွက်ပေးခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

### ❃ AFC Cup အုပ်စုမှ



ယခုပွဲအနိုင်ရမှသာ နောက်တစ်ဆင့်တက်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး အရေးနိမ့်ပါက အုပ်စုအဆင့်မှထွက်ရန် သေချာသလောက် ရှိသွားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဩစတြေးလျကလပ် မက်ကာသာအသင်းကို အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းကို အဝေးကွင်းတွင် လေးဂိုး-ဂိုးမရှိတို့ဖြင့် အရေးနိမ့်ထားပြီး ဆီဘူးအသင်းမှာမူ ဖနွမ်းပင်ခရောင်းအသင်းကို အိမ်ကွင်းတွင် သုံးဂိုး-ဂိုးမရှိ၊ မက်ကာသာအသင်းကို အဝေးကွင်း၌ ရှစ်ဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ထားသည်။

ရှမ်းယူနိုက်တက် အသင်းသည် ပြည်တွင်းလိဂ်ဖြစ်သည့် MNL ပြိုင်ပွဲတွင် ရလဒ်ကောင်းရရှိကာ ထိပ်ဆုံးနေရာတွင် ခြောက်မှတ်အသာဖြင့် ဦးဆောင်နေသော်လည်း AFC Cup ပြိုင်ပွဲတွင်မူ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**

# ကျောက်တံခါးမြို့နယ် သူငွေးကုန်းဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား ရထားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ထပ်မံကျူးလွန်၊ ရထားလမ်းပျက်စီး၍ ခရီးစဉ်များ ကြန့်ကြာမှုဖြစ်ပွားခဲ့

**နေပြည်တော် အောက်တိုဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူ ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များဖြစ်သည့် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-ပုဂံ အထူးရထားများကို ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် နေ့စဉ်လူစီးရထားများ၊ ကုန်ရထားများကို ပုံမှန်ပြေးဆွဲလျက်ရှိရာတွင် အောက်တိုဘာ ၂၄ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သူငွေးကုန်းဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်တိုင်အမှတ်(၁၀၄/၀-၁) ကြား တံတားအမှတ်(၁၄၆ နှင့် ၁၄၇) အနီး၌ ရထားလမ်းများအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးမှုကို ထပ်မံကျူးလွန်ခဲ့သဖြင့် ရထားပြေးဆွဲနေသော အဆန်ရထားလမ်းနှင့် ပြန်လည်အဆင့်မြှင့် တည်ဆောက်နေသော အစုန်ရထားလမ်းတို့တွင် တပ်ဆင်ထားသည့် သံလမ်းသစ်များ တစ်ပေခွဲစီခန့် ပြတ်တောက်၍ လေးပေစီခန့် ကွေးကောက်ပျက်စီးခြင်းနှင့် ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုကြောင့် အောက်တိုဘာ ၂၄ ရက် ညနေပိုင်းတွင် မန္တလေးမှ ရန်ကုန်သို့ ပုံမှန်ထွက်ခွာလာသော အမှတ်(၆) အစုန်အမြန်ရထားသည် ယနေ့ နံနက် ၃ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲန္ဒယ်ကုန်းဘူတာတွင် လည်းကောင်း၊ အမှတ်(၄)အစုန်ရထားသည် နံနက် ၄ နာရီ မိနစ်၂၀ ခန့်တွင် ကညွတ်ကွင်းဘူတာတွင် လည်းကောင်း ခေတ္တရပ်နားထားခဲ့ရသည်။ ထို့အတူ ရွာသာကြီး-မြစ်ငယ်-ရွာသာကြီး ခရီးစဉ် ပြေးဆွဲလျက်ရှိသည့် ကုန်သေတ္တာရထား နှစ်စင်းတို့သည်လည်း ပြွန်တန်ဆာဘူတာနှင့် အိမ်ခြေလေးဆယ်ဘူတာတို့၌ ခေတ္တရပ်နားထားခဲ့ရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ သွားရောက်စစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း ပျက်စီးသွားသော ရထားလမ်းအား ပြန်လည်မွမ်းမံပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီခွဲခန့်တွင် ပြီးစီးခဲ့သဖြင့် ခေတ္တရပ်နားထားရသော ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိသည်။

ဤသို့ ရထားလမ်း ဖျက်ဆီးခံရသဖြင့် မိုင်းရှင်းလင်းခြင်း၊ ပြန်လည်မွမ်းမံပြင်ဆင်ရခြင်းတို့ကြောင့် လူစီးအမြန်ရထား နှစ်စင်းတို့မှ ခရီးသည် ၁၂၂၀ ခန့်နှင့် ကုန်ရထားခရီးစဉ်များ လမ်းခရီး၌ ကြန့်ကြာမှုနှင့် အခက်အခဲများကို ကြုံတွေ့ခဲ့ကြရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ တွေ့ရှိခြင်း ၁၂၈ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သမားများက နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး ရထားဖြင့် ခရီးသွားလာမှု မပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့ အပြင် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေး ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သမားများအပေါ် ဒေသခံပြည်သူ တစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**ပို့ဆောင်ရေးနှင့်**
**ဆက်သွယ်ရေးဝန်ကြီးဌာန**





PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် သူငွေးကုန်းနှင့် ပိန်းဇလုပ်ဘူတာအကြား ရထားလမ်းကို တွေ့ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ရထားလမ်းအား မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြင်ဆင်နေစဉ်။




ရထားလမ်းအား ပြန်လည်ပြုပြင်ပြီး၍ လူစီးအမြန်ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲပေးစဉ်။

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Hap Py” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၀)ရပ်ကွက်နေ ဟိန်းဇော်ဝင်း(ခ) ဂျက်စပါးအား မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။


ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်မှ ၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ (Live Firing) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက် လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ်၉၇ ဒီဂရီ ၄၀ မိနစ်၊Point D မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။




## "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၅

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ "ဘယ်သူမှန်လဲ အပြိုင်ကြဲ " အစီအစဉ်သစ်ကို အပတ်စဉ် တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV –HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုပတ်တွင် "ဇာတ်ကားတစ်ကားကောင်းဖို့ ဇာတ်ဆောင်က အရေးအကြီးဆုံး"၊ "ဇာတ်ကားတစ်ကားကောင်းဖို့ ဇာတ်ပို့က အရေးအကြီးဆုံး" ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။




အဆိုပါ အစီအစဉ်တွင် တင်ဆက်သူ ကျော်ကျော်နှင့်အတူ သရုပ်ဆောင် ဟိန်းကိုကိုကျော်နှင့် သဥ္ဇာမြင့်မိုရ်တို့က ပရိသတ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV –HD Channel မှ အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီသတင်းအပြီးတွင် ထုတ်လွှင့်သွား မည်ဖြစ်ပြီး နိုဝင်ဘာ ၂ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စောစီးစွာသတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် သင်တန်းဖွင့်လှစ်

တောင်ကြီး အောက်တိုဘာ ၂၅

စောစီးစွာသတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် (Early Warning and Alert Response System, EWARS) သင်တန်းကို ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးရုံး၌ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ရှမ်းပြည်နယ် (တောင်ကြီး) ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်/သဘာဝဘေး) နှင့် ရှမ်းပြည်နယ် (တောင်ကြီး) ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဦးစီးဌာနမှူးတို့က အဖွင့်အမှာ စကားပြောကြားပြီး ဖွင့်ပွဲသို့ ဆေးရုံအုပ်ကြီးများ၊ ခရိုင်နှင့် မြို့နယ်ကုသရေး/ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

သင်တန်းသို့ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ သင်တန်းသား ၂၁ ဦး တက်ရောက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး ဌာနခွဲမှ တာဝန်ရှိသူများက သင်တန်းပို့ချသွားမည်ဖြစ်သည်။

သတင်းစဉ်



## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၀၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၆၅ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၀ | ၂၂၉၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၇၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၉၀ |
| HSD (50 ppm) | ၂၄၂၀ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၅၇၀ | ၂၅၆၅ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၅ | ၂၅၀၅ | ၂၅၁၀ | ၂၇၃၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၄၂၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၅ | ၂၇၄၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၃ |
| 95 Ron | ၂၀၅၀ | ၂၁၂၅ |
| HSD (500 ppm) | ၂၁၉၆ | ၂၂၆၉ |
| HSD (50 ppm) | ၂၃၀၃ | ၂၃၇၉ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပေါက်ခေါင်းမြို့နယ်၌ ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာပြုလုပ်သုံးစွဲနည်း သရုပ်ပြဆောင်ရွက်ပြီး မျိုးစေ့များ ထောက်ပံ့ပေးအပ်

ပေါက်ခေါင်း အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲနည်းကွင်းသရုပ်ပြပွဲနှင့် တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက အင်းငါးခွကျေးရွာ တောင်သူဦးဇော်ဝင်း၏ ကွင်းအမှတ် (၇၁၉) (B)အင်းကုန်း သုံးဧကကွင်း၌ ပြုလုပ်သည်။

### မျိုးစေ့များထောက်ပံ့ပေးအပ်

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်ဦးစီးမှူး ဦးမင်းမင်းထွန်းက ပေါက်ခေါင်းမြို့နယ်တွင် ကြံစိုက်ဧက ၂၀၄၉၉ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ကြံအထွက်နှုန်း တစ်ဧက ၃၁ ဒသမ ၈၅ တန်ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ်ကြံစိုက်မည့်တောင်သူများအား မြေဆီလွှာဖွံ့ဖြိုးမှု အားနည်းသောမြေများတွင် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ စိုက်ပျိုးသုံးစွဲရန်နှင့် ကွင်းသရုပ်ပြပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် သွင်းအားစုစရိတ်သက်သာခြင်း၊ မြေဆီလွှာပျက်စီးခြင်းကို ကာကွယ်ပေးခြင်းတို့ကြောင့် ပိုက်ဆံလျှော်ကို စိုက်ပျိုးသင့်ကြောင်း၊ တစ်ဧကတွင် မျိုးစေ့လေးပြည်သာ ကုန်ကျနိုင်ကြောင်း ပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် တာဝန်ရှိသူများက တောင်သူများထံသို့ ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ မျိုးစေ့များ ထောက်ပံ့ပေးသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

# ကျောက်ဆည်ခရိုင်၌ မိုးမြေပဲများ ရိတ်သိမ်းလျက်ရှိ

**ကျောက်ဆည် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆီထွက်သီးနှံများကို အဓိကစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မိုးမြေပဲသီးနှံများကို ကျောက်ဆည်မြို့နယ်တွင် ၃၀၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၃၁ ဧက၊ မြစ်သားမြို့နယ်တွင် ၈၁၁ ဧက စုစုပေါင်း ဧက ၁၁၅၀ စိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းမှုအနေဖြင့် မိုးမြေပဲကို ကျောက်ဆည်မြို့နယ်တွင် ဧက ၂၄၀၊ စဉ့်ကိုင်မြို့နယ်တွင် ၂၁ ဧက၊ မြစ်သားမြို့နယ်တွင် ၁၅၃ ဧက စုစုပေါင်း ၄၁၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



မိုးမြေပဲကို မတ်လနှင့်ဧပြီလတို့တွင် စတင်စိုက်ပျိုးပြီးတစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ ထွန်ယက်ခ၊ လုပ်သားခ အပါအဝင်သွင်းအားစုများ စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၄၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် လက်ရှိအချိန်တွင် မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀၊ မြေပဲဆန် တစ်တင်းလျှင် ငွေကျပ် ၅၇၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၇၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မိုးမြေပဲသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များရရှိသည့်အပြင် ပြည်တွင်းစားသုံးဆီဖူလုံရုံသာမက တောင်သူများတွက်ခြေကိုက်သည့်သီးနှံဖြစ်သည့်အတွက် မြေပဲသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ကော့သောင်း အောက်တိုဘာ ၂၅**

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ပို့ကုန်တန်ချိန် ၁၅၀၄ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇၀ သန်း)နှင့် သွင်းကုန်တန်ချိန် ၆၂ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၈ သန်း) တင်ပို့/တင်သွင်းခဲ့ပြီး ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၁ ဒသမ ၃၁၈ သန်းဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း တစ်တန်ဈေးနှုန်း ၈၅ ဒသမ ၇၁ အမေရိကန်ဒေါ်လာဖြင့် တန်ချိန် ၂၈၀ အတွက် တန်ဖိုးအမေရိကန်ဒေါ်လာ ၂၄၀၀၀၊ ပုစွန် တစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၅၂၀၀ ဖြင့် တန်ချိန် ၂ ဒသမ ၂၈၀ အတွက် တန်ဖိုး ၁၁၈၅၆ အမေရိကန်ဒေါ်လာ၊ ငါးဇင်းပြား တစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၇၁၀ ဖြင့် တန်ချိန် ၁၈ ဒသမ ၁၆၀ တန်အတွက် တန်ဖိုး ၁၂၈၉၃ ဒသမ ၆၀ အမေရိကန်ဒေါ်လာ၊ ဘေးဝါ တစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၇၉၀ ဖြင့် တန်ချိန် ၃၇ ဒသမ ၂၁၀ အတွက် တန်ဖိုး ၂၉၃၉၅ ဒသမ ၉၀ အမေရိကန်ဒေါ်လာ၊ ငါးဝိုင်း တစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၈၈၀ ဖြင့် တန်ချိန် ၂၀ ဒသမ ၈၈၀ အတွက် တန်ဖိုး ၁၈၃၇၄ ဒသမ ၄၀ အမေရိကန်ဒေါ်လာ၊ ကဗျက် တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၀၈၀ ဖြင့် တန်ချိန် ၃၂ ဒသမ ၇၉၀ အတွက် တန်ဖိုး ၃၅၄၁၃ ဒသမ ၂၀ အမေရိကန်ဒေါ်လာ၊ ငါးခွေးလျှာ တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၁၂၀ ဖြင့် တန်ချိန် ၈ ဒသမ ၃၂၀ အတွက် တန်ဖိုး ၉၃၁၈ ဒသမ ၄ အမေရိကန်ဒေါ်လာ၊ ကြိမ်မွှေ့တောင်း တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၅၆၀ ဖြင့် တန်ချိန် ၄ ဒသမ ၂၄၀ အတွက် တန်ဖိုး ၆၆၁၄ ဒသမ ၄၀ အမေရိကန်ဒေါ်လာ၊ ငါးမဲလုံး တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၁၉၀ ဖြင့် တန်ချိန် ၂၉ ဒသမ ၁၁၅ တန်အတွက် တန်ဖိုး ၃၄၆၄၆ ဒသမ ၈၅ အမေရိကန်ဒေါ်လာနှင့် ပလာတူးငါးတစ်တန် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၉၈၀ ဖြင့် တန်ချိန် ၂၁ ဒသမ ၈၉၅ အတွက် တန်ဖိုး ၂၁၄၅၇ ဒသမ ၁၀ အမေရိကန်ဒေါ်လာတို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့်သွင်းကုန်ပစ္စည်းမှာ ပီလောပီနံ မှုန့် တစ်တန်ဈေးနှုန်း ၄၆၆ ဒသမ ၆၆ အမေရိကန်ဒေါ်လာဖြင့် တန်ချိန် ၁၅ တန်အတွက် တန်ဖိုးအမေရိကန်ဒေါ်လာ ၇၀၀၀၊ ဓာတ်မြေဩဇာ တစ်တန်ဈေးနှုန်း ၈၈၄ ဒသမ ၆၁ အမေရိကန်ဒေါ်လာဖြင့် တန်ချိန် ၂၆ တန်အတွက် တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃၀၀၀၊ ပလတ်စတစ်ပိုက်အမျိုးမျိုး တစ်တန်ဈေးနှုန်း ၈၅၇ ဒသမ ၁၄ အမေရိကန်ဒေါ်လာဖြင့် တန်ချိန်၂၁ တန်အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၀၀၀ ဖြစ်သည်။ အောက်တိုဘာ ၂၅ ရက်တွင် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၀၄ ဒသမ ၉၀ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၉၀ ဒသမ ၅ ကျပ်ခန့်ဖြစ်ကြောင်း သိရသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၁၂၆၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၁၂၆၀၀ ဖြစ်ကြောင်း သိရသည်။

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ချင်းရွှေဟော် အောက်တိုဘာ ၂၅**

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ အောက်တိုဘာ ၁၄ ရက်မှ ၂၄ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ဒေါ်လာ ၆ ဒသမ ၈၃၇ သန်း၊ သွင်းကုန် ဒေါ်လာ၂၃ ဒသမ ၁၁၁ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ၂၉ ဒသမ ၉၄၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ရော်ဘာ ၁၅၄၇ ဒသမ ၂၅ တန် (တန်ဖိုးဒေါ်လာ ၁ ဒသမ ၈၉၅ သန်း)၊ ဆန် ၁၃၆၆ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၇၃၄ သန်း)၊ နှမ်း(နက်) ၅၃၁ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၈၂၃ သန်း)၊ ပြောင်း ၂၁၆၇ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၆၇၆ သန်း၊ ပဲယင်း ၇၇၆ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၅၈၈ သန်း)၊ ဝဥခြောက် ၃၀၃ ဒသမ ၈၅ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၅၂၃ သန်း)၊ ဆန်ကွဲ ၈၅၀ ဒသမ ၇၅ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၃၆၉ သန်း)၊ ထောပတ်ပဲ ၁၃၆ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၁၇၆ သန်း)၊ ပဲတီစိမ်း တန် ၁၇၀ (တန်ဖိုး ဒေါ်လာ သုည ဒသမ ၁၅၃ သန်း)နှင့် မြေပဲဆန် ၅၁ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၇၉ သန်း) တင်ပို့နိုင်ခဲ့သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၅ ဒသမ ၈၆၀ သန်း၊ ချည်ထည်များ ဒေါ်လာ ၃ ဒသမ ၆၈၉ သန်း၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ ဒေါ်လာ ၁ ဒသမ ၃၃၁ သန်း၊ ပလတ်စတစ်ကုန်ကြမ်းများ ဒေါ်လာ သုည ဒသမ ၆၉၇ သန်း၊ စက်နှင့် စက်ပစ္စည်းများ ဒေါ်လာ သုည ဒသမ ၅၄၀ သန်း၊ ဓာတ်မြေဩဇာ ဒေါ်လာ သုည ဒသမ ၅၁၇ သန်း၊ သံနှင့်သံမဏိပစ္စည်းများ(ဆောက်လုပ်ရေးလုပ်ငန်းသုံး) ဒေါ်လာ သုည ဒသမ ၄၀၇ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ သုည ဒသမ၂၈၆ သန်း၊ လေအေးပေးစက်များ ဒေါ်လာ သုည ဒသမ ၁၈၅ သန်းနှင့် ဓာတုဗေဒပစ္စည်းများ ဒေါ်လာ သုည ဒသမ ၁၇၀ သန်း တင်သွင်းနိုင်ခဲ့သည်။

# မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မူဆယ် အောက်တိုဘာ ၂၅**

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် အနေဖြင့် အောက်တိုဘာ ၂၄ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၇၀၂ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၄၃၉ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၁၄၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဝါဂွမ်း ၁၆၅ ဒသမ ၅၂၀ တန် (တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၂၈၉ သန်း)၊ ငါးရှဉ့် ၃၄ ဒသမ ၉၆၀ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၁၀၅ သန်း)၊ ချဉ်ပေါင်ဖာလာ ၄၄ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၈၈ သန်း)၊ ကဏန်း ၁၈ ဒသမ ၉ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၇၂ သန်း)၊ ဆန် ၆၈ ဒသမ ၅ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၃၉ သန်း)၊ နနွင်းတက် ၆၈ ဒသမ ၁ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၃၆ သန်း)၊ ဆန်ကွဲ ၇၀ ဒသမ ၅ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်း)၊ ရှားကောသီး ၁၀ ဒသမ ၄ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်း)၊ ရေခဲပုစွန် ၁၅ ဒသမ ၆၈ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်း)နှင့် ဆီးသီးခြောက် ၁၀၈ တန် (တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်း)တို့ဖြစ်သည်။

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်မီးစက် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၄၀၆ သန်း၊ ဓာတ်ဆီ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၃၃၅ သန်း၊ ဒီဇယ်ဆီတန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၁၈ သန်း၊ ယာဉ်နှင့် ယာဉ်ယန္တရားများ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၈၅ သန်း၊ စပျစ်သီးတန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၅၆ သန်း၊ ဆိုလာပြားတန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၄၇ သန်း၊ မီးခံအုတ်တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၉ သန်း၊ ဖိနပ်မျိုးစုံ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၉ သန်း၊ လိမ္မော်သီး တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်းနှင့် ဘက်ထရီ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၁၂ သန်းတို့ ဖြစ်သည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**

## ၂၅- ၁၀- ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၁၆၀၀၀ | ၅၁၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၃၅၀ | | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၀၀၀ | ၁၀၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၅၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၅ | လွိုင်ကော် | ၃၇၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | - | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၃၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၁၆၀၀၀ | - | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၂၈၅၀ | | ၁၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၀၅၀၀ | ၉၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၃၆၀၀ | ၉၈၀၀ | ၉၀၀၀ | ၆၆၀၀ | ၈၃၀၀ | ၈၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၁၆၀၀၀ | ၄၉၅၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၅၀၀၀ | ၄၉၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၉၅၀၀ | ၇၈၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၃၃၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၁၈၅၀၀ | | ၄၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၇၀၀ | ၇၂၀၀ | ၈၀၀၀ | ၃၈၀၀ | ၂၄၀၀ | ၄၂၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၁၅၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၃၁၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၂၁၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၁၃၅၀၀ | ၅၁၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၈၄၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၃၈၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၁၅၀၀၀ | ၅၁၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၀၅၀၀ | ၈၈၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၁၅၀၀၀ | ၅၁၀၀ | ၁၅၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၈၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၂၀၀ | ၄၂၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၄၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၃၅၀၀ | | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်တွင် ၃၅၀ကျပ်၊ ပုသိမ်တွင် ၂၀၀ကျပ်၊ ရေတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၃၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၃၀၀ကျပ် ဈေးတက်ခဲ့ပါသည်။
(၂) စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၄၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် နေပြည်တော်တွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်ခြံရောင်းမည်။

**နေရာ** – ရန်ကုန်–မန္တလေးလမ်းဟောင်း၊ ဈေးရပ်ကွက်၊ ဖြူးမြို့၊ AGD Bank, KBZ Bank, အင်းဝဘဏ်အနီး၊ ဘူတာရုံနှင့်ဈေးအနီး။

**အကျယ်အဝန်း** – ( ၂၀ ပေ x ၈၀ ပေ )

**မြေအမျိုးအစား** – ဂရန်မြေ

**ဈေးနှုန်း** – ( ၂၀၀၀ ) သိန်း

09-5390147, 09-974766237


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ကင်းဝင်လမ်း၊ မြေကွက်အမှတ်(၁၁၆၆)၊ မြေအကျယ်အဝန်း (၄၁ပေ x ၆၀ပေ)၊ ဧရိယာ(၀.၀၅၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးစိုးစွမ်မိုင်း[၁၃/သနန(နိုင်)၀၂၈၀၁၀]**နှင့် **ဒေါ်ချိုချိုလွင်[၁၃/ကမန(နိုင်)၀၈၃၄၀၃]**တို့ အမည်များဖြင့် ပူးတွဲအမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်များထံမှ **ဒေါ်အေးမန့် [၁၃/သပန(နိုင်)၀၃၈၇၂၆]**သည် **"နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၀၆)** | **အထက်တန်းရှေ့နေ(စဉ်–၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လမ်း(၃၀)၊ မြေကွက်အမှတ်(၉၄၂/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်အုန်းကြည်(RGN–၀၁၁၀၇၄)** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံခွင့်ရှိသူသားသမီးများဖြစ်ကြသည့် **ဦးစိုးမိုး[၁၄/ပစလ(နိုင်)၀၆၃၅၇၃]+၅**တို့မှ မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉– ၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

# သထုံမြို့နယ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်းအခြေခံသင်တန်း ဖွင့်လှစ်

သထုံ အောက်တိုဘာ ၂၅

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ စီစဉ်ဖွင့်လှစ်သည့် ကြပ်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း (၅/၂၀၂၃)ကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဒေါ်ချိုချိုလွင်က လူမှုရေးစိတ်ဓာတ်ထက်သန်သည့် နိုးကြားတက်ကြွသော မျိုးဆက်သစ်လူငယ်များ ပေါ်ပေါက်လာစေရန်၊ ရှေးဦးပြုစုခြင်းပညာရပ်ဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်တတ်စေရန်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးနှင့် နည်းပြတို့က ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ပေါ်ပေါက်လာသည့် သမိုင်းကြောင်းနှင့် ရှေးဦးပြုစုခြင်းဆိုင်ရာ အတတ်ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြသည်။ သင်တန်းသို့ သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သုံးရက်ကြာသင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ တိုက်အမှတ်(၂၁၆/၂၂၂)၊ အခန်းအမှတ်(E–3)ကို အမည်ပေါက် ဦးကျော်စိန် (N/RGN 001386)၊ ဒေါ်စိန် (N/RGN 001387) တို့ထံမှ အဆက်စပ်စာချုပ်ဖြင့် ဒေါ်ကမလာဒေဝီ[၁၂/ဗတထ(နိုင်)၀၂၅၁၇၅] က ပြန်လည်ဝယ်ယူထားပြီးဖြစ်၍ ၎င်းအမည်ပြောင်းလဲပြီး ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍(၁၄)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ ဆိပ်ကမ်းသာလမ်းနှင့် ပန်းလှိုင်လမ်းထောင့်၊ အမှတ် (၁၉၀–ခ)တွင် ရုံးခန်းဖွင့်လှစ်တည်ရှိသော Studio A Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

Studio A Co., Ltd. သည် ၂၀၁၆ ခုနှစ်မှစတင်၍ Studio A Pre–Wedding Photography Services အမည်ဖြင့် Customer များအား နိုင်ငံတကာအဆင့် ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီဆန်းသစ်သော အသွင်အပြင်များဖြင့် နိုင်ငံတကာအဆင့်မီ Pre–Wedding ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခြင်းဝန်ဆောင်မှုများပေးအပ်လျက်ရှိပြီး ယနေ့တိုင် ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်လျက်ရှိပါသည်။ သို့သော် အချို့သောသူများသည် Studio A အား Customer များနှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် Studio A ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ Facebook စာမျက်နှာများ၊ Facebook Group များတွင် အခြေအမြစ်မရှိသည့် သတင်းအမှားများ၊ ကိုယ်ပိုင် ထင်မြင်ယူဆချက်များအား Post တင်ခြင်း၊ Comment ရေးသားခြင်း၊ Share လုပ်ခြင်း စသည်တို့အား ပြုလုပ်နေကြသည်ကို တွေ့ရှိရပါသည်။ အဆိုပါ အပြုအမူများသည် ကောင်းမွန်သော စိတ်ရင်းစေတနာဖြင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးအပ်လျက်ရှိသည့် Studio A မိသားစု၏ ဂုဏ်သိက္ခာအား များစွာထိခိုက်နစ်နာစေလျက်ရှိပါသည်။ ထို့ကြောင့် Studio A Co., Ltd. နှင့် Studio A Pre–Wedding Photography Services တို့၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန်ရည်ရွယ်၍ မည်သည့်နည်းလမ်းဖြင့်မဆို ရေးသားခြင်း၊ ပြောဆိုခြင်း၊ ဖြန့်ဝေခြင်း (Sharing) စသည်တို့မပြုလုပ်ရန် တားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက Studio A ၏ ထိခိုက်နစ်နာမှုများအတွက် မလွှဲမရှောင်သာဘဲ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Studio A Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းလင်းနိုင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ( စဉ်–၂၆၄၅၄)**
**အမှတ်(၂၀၄)၊ ၁၀ လွှာ၊ The Leaf Tower ၊ ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၅၄၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၃၇)၊ အောင်ဇေယျ(၃)လမ်း၊ (ရန်ကုန်သစ်)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးကိုကို(ခ)ကိုကိုလွင် [၁၂/သဃက(နိုင်) ၀၄၃၇၈၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ အမည်ပေါက် ဦးကိုကို(ခ)ကိုကိုလွင် မြေကွက်အား ဦးမြင့်ကိုကို(ခ)မြတ်ကိုကိုနှင့် ဒေါ်နန်းယုလွင် တို့ကို တရားပြိုင်ထား၍ ဦးမင်းမင်းထွန်းမှ သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတွင် တရားလိုပြုလုပ်စွဲဆိုသော တရားမကြီးမှုအမှတ်–၄၄၁/၂၀၂၂၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်–၃၁/၂၀၂၃၏ အမိန့်နှင့် တရားရုံး၏ ဘီလစ်ခန့်စာတို့တင်ပြ၍ တရားရှုံး(ကိုယ်စား)ဘီလစ် ဒေါ်မေသူအောင် [၁၂/မဂတ(နိုင်)၁၀၇၃၅၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း" ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့

နေပြည်တော် အောက်တိုဘာ ၂၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ရောက်ရှိခဲ့သော ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း"သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ယခုသတင်းသည် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"ဟမွန်း"အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်သည်။ မိုး/ဇလ


## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။


## ကောင်းမြန်မာအောင်ကုမ္ပဏီ၏ (၁၀–၁၀–၂၀၂၃) နေ့ထုတ် ကြေးမုံသတင်းစာပါ ဦးတင်အေးနှင့်အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးတင်အေး (ဘ) ဦးမောင်ထွန်း[၁၂/သလန(နိုင်)၀၅၄၂၉၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်–

၁။ ဦးတင်အေးသည် လယ်သမားကြီးစစ်စစ်ဖြစ်ပါသည်။ မွေးကတည်းက လယ်ထဲမှာကြီးပြင်းလာပြီး လယ်လုပ်လာသူ ဖြစ်ပါသည်။ ယခု အသက် (၈၅)နှစ်ရှိပြီဖြစ်ပါသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ လဟာရက်ကွင်း (ရေလယ်သောင်)၊ ကွင်းအမှတ် (၇၄၅/A) ရှိ လယ်(၅)ကေမှာ ဦးတင်အေး၏ဇနီး ဒေါ်ကျင်သိန်းအမည်ပေါက် ပါသည်။ ယင်းလယ်များကို ဦးတင်အေးက **(၁၉၇၂)**မှ **(၂၀၁၄)** ခုနှစ်အထိ **(၄၂)နှစ်** လယ်လုပ်ခဲ့ပါသည်။ (၂၀၁၄)ခုနှစ်တွင် ယင်းလယ်(၅)ကေနှင့်ပတ်သက်၍ ဦးခင်ဝင်းနှင့် အမှုဖြစ်ပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး၊ **တရားမကြီးမှုအမှတ်–၅၈/၂၀၁၄**ဖြင့် စစ်ဆေးဆဲဖြစ်ပါသည်။ ပြီးပြတ်ခြင်းမရှိသေးပါ။ ယင်းအမှုကိစ္စကို ကောင်းမြန်မာအောင်ကုမ္ပဏီက ကောင်းစွာသိပါသည်။

၂။ **ဦးတင်အေးက ကောင်းမြန်မာအောင် ကုမ္ပဏီထံ ယင်းလယ်(၅)ကေကို ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း လုံးဝ(လုံးဝ)မရှိပါ။ ဦးတင်အေးနှင့် ကောင်းမြန်မာအောင် ကုမ္ပဏီတို့အကြား တရားဝင် စာချုပ်စာတမ်း၊ စာမှတ်စာတမ်း လုံးဝ(လုံးဝ)မရှိပါ။ လျော်ကြေးငွေ တစ်စုံတစ်ရာကိုလည်း ရယူထားခြင်း လုံးဝ(လုံးဝ)မရှိပါ။**

၃။ **(၁၃–၁၂–၂၀၁၄)**နေ့တွင် ဦးတင်အေးက မိမိ၏ရှေ့နေမှတစ်ဆင့် ဥပဒေနှင့်အညီ ယင်းလယ်(၅)ကေနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် အမည်ပေါက်ဆောင်ရွက်မည်ဆိုပါက ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း ကောင်းမြန်မာအောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာထံ အကြောင်းကြားစာ(Notice)စာ ပေးပို့ထားခဲ့ပါသည်။

၄။ **(၁၀–၁၀–၂၀၂၃)**နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာတွင် ဒေါ်ကျင်သိန်းအမည်ပေါက် လယ်(၅)ကေ အပါအဝင် (၄၁.၅၀) ဧကကို ပန်းပုစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကောင်းမြန်မာအောင် ကုမ္ပဏီအား ခွင့်ပြုမိန့်ထုတ်ထားပြီးဖြစ်ကြောင်း ဖတ်ရှုရသည့်အတွက် များစွာ အံ့အားသင့်စေခဲ့ပါသည်။ လွှဲပြောင်းရောင်းချထားခြင်း မရှိသော ဦးတင်အေး၏ လယ်(၅)ကေကို မည်သည့်နည်းလမ်းဖြင့် မမှန်မကန် လျှောက်ထားရယူသွားသည်ကိုမသိပါ။ **မတရားသိမ်းပိုက်ခံရခြင်း** ဖြစ်ပါသည်။

၅။ လယ်သမားကြီး(၄၀)ဦးက လယ်များကိစ္စနှင့်ပတ်သက်၍ ကောင်းမြန်မာအောင်ကုမ္ပဏီအား အမျိုးသားလွှတ်တော်သို့ တိုင်ကြားခဲ့ဖူးပါသည်။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ **(၄–၁၀–၂၀၂၁)** ရက်စွဲပါစာအမှတ်–၃/အမ(ကော်မတီ–၂)၆/၂၀၁၁–၃၉ဖြင့် **တောင်သူလယ်သမားများ၏ မူလလက်လုပ်မြေကို အစိုးရ၏ လုပ်ငန်းအတွက် မဟုတ်ဘဲ ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်၍ တောင်သူလယ်သမားများ မနစ်နာစေရန် စုံစမ်းစစ်ဆေး၍ အမှုမှန်ဖော်ထုတ်ဆောင်ရွက်ရန်–** ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ အကြောင်းကြားခဲ့ပါသည်။ ယင်းစာမူရင်းမှာ ဦးတင်အေးလက်ဝယ်တွင်ရှိပါသည်။ သို့ရာတွင် ယနေ့တိုင် စုံစမ်းစစ်ဆေးခြင်းမရှိပါ။ ဆက်လက်စုံစမ်းရန် တင်ပြသွားမည်ဖြစ်ပါသည်။

၆။ မှန်ပါသည်၊ **၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေတွင် လယ်ယာများကို ပုဂ္ဂလိကအကျိုးစီးပွားအတွက် လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို မတွေ့ရှိရပါ။** ကျေးလက်ဖွံ့ဖြိုးရေး၊ မြို့ပြဒေသဖွံ့ဖြိုးရေးဖြင့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံဆေးခန်း၊ စာကြည့်တိုက်၊ လမ်း/တံတား၊ ကျေးလက်ဈေး၊ ဘာသာရေးအဆောက်အအုံ၊ သုသာန်၊ လယ်ယာသုံးစက်ကိရိယာများထားရှိရန် အဆောက်အအုံ၊ ဆန်စက်၊ သီးနှံသိုလှောင်ရုံများ ဆောက်လုပ်ရန်အတွက် လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

၇။ သို့ဖြစ်ပါ၍ **ကောင်းမြန်မာအောင်ကုမ္ပဏီက ဦးတင်အေး၏ လယ်(၅)ကေကို တရားမဝင်သိမ်းယူပြီး လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှန်ကန်မှုမရှိပါ။** ဦးတင်အေးတွင် များစွာထိခိုက်နစ်နာခဲ့ရပါသည်။ ယင်းနစ်နာမှုအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း **ကောင်းမြန်မာအောင်ကုမ္ပဏီနှင့် အများသိစေရန်** ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးတင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q),C.T.Med,.H.G.P,R.L** | **LL.B, D.B.L, D.M.L,D.I.L** |
| **D.B.L,D.M.L,DA.Psy,D.A.E** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ** | **(စဉ်– ၁၅၄၉၀)** |
| **(စဉ်–၇၄၅၈)** | |

**ဖုန်း–၀၉–၄၃၁၁၉၀၁၃**
**အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊**
**၂၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်မြို့။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၅-၁၀-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၉၇၅။ | ကွယ်လွန်သော ဦးလွင်ဆွေ(၉၁)နှစ်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၆၉၇၆။ | ခမည်းတော် ဦးမောင်၊ မယ်တော်ဒေါ်တုတ်တို့အား အမှူးထား၍ ဉူးကုဏ္ဍလကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၉၇၇။ | မိခင်ကြီး ဒေါ်အုံးရီအားအမှူးထား၍ ဦးတင်ဝင်း နှင့်ဇနီး ဒေါ်ခင်မြင့်ဝေ၊ သား မောင်ဝေယံဟိန်း+ မမေမြတ်မိုး၊ မောင်ကောင်းထက်ဝင်း+ မချစ်ပုံပုံစု မိသားစုကောင်းမှု | ၅၅၀၀၀၀ |
| ၆၉၇၈။ | အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်အေးမြတ်နွယ် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၇၉။ | ကွယ်လွန်သူ ဦးတင်အေးအားရည်စူး၍ ဒေါ်ဆန်းကြွေ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၈၀။ | ဦးဇော်မင်းအောင်နှင့်ဇနီး ဒေါ်ကောင်းမြတ်ထွေး မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၈၁။ | ဦးစောထွန်းနှင့်ဇနီး ဒေါ်မြရွှေ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၈၂။ | နှစ်ဖက်မိဘများအားအမှူးထား၍ ချစ်ခင်ပွန်း ဦးချစ်ခင်(တိုက်ကြီး)အား ရည်စူး၍ ဒေါ်ခင်စန်းမြင့်(လက်ထောက်ညွှန်ကြားရေးမှူး)(ငြိမ်း) မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၈၃။ | ဦးလှငွေနှင့်ဇနီး ဒေါ်ဖြူဖြူထက်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၈၄။ | သားသား ဘုန်းတေဇာလင်း "ရက် ၁၀၀ ပြည့်မွေးနေ့အလှူ"မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၉၈၅။ | ဦးပြေသိန်းနှင့်ဇနီး ဒေါ်မာဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၉၈၆။ | ဒေါ်နီနီဆန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၉၈၇။ | တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများကောင်းမှု | ၁၁၀၀၀၀ |
| ၆၉၈၈။ | ကွယ်လွန်သူ ဦးမြင့်ထွေးအားရည်စူး၍ ဒေါ်ခင်ပြုံးဇင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၈၉။ | ဦးဘသိန်းနှင့်ဇနီး ဒေါ်ခင်ချိုမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၉၀။ | ဦးသန်းနိုင်နှင့်ဇနီး ဒေါ်မိမိခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၉၁။ | ဦးသန်းမောင်နှင့်ဇနီး ဒေါ်တင်တင်အား ရည်စူး၍ သမီး ဒေါ်ထွေးနိုင်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၉၂။ | ဦးအင်းဟုတ်နှင့်ဇနီး ဒေါ်သန်းသန်းဆင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၉၃။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့်ဇနီးဖြစ်သူ ဒေါ်ထားထားမော်(ခ)ဒေါ်အိထားအား ရည်စူး၍ ဦးအောင်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၉၄။ | ဦးထိန်လင်းနှင့်ဇနီး ဒေါ်လှလှဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၉၅။ | တပ်ကြပ်ကြီးမျိုးလွင်နှင့်ဇနီး ဒေါ်အေးအေးမာ၊ သားများမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၉၆။ | ဦးတင်မောင်ဇော်နှင့်ဇနီး ဒေါ်ကိုင်းနူး မိသားစုကောင်းမှု | ၆၅၀၀၀ |
| ၆၉၉၇။ | သားလေးခန့်တေဇမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၉၈။ | ဦးကျော်သီဟနှင့်ဇနီး မကေခိုင်ဝင့်၊ သား ဘုန်းထက်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၉၉။ | ဦးဘုန်းနိုင်နှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၀၀။ | သားကြီး အောင်ဇော်ဦးအားရည်စူး၍ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၀၁။ | ဦးဘခင်နှင့်ဇနီး ဒေါ်လှမိ(ခ)ဒေါ်ဒေါင်းကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၀၂။ | ဦးမောင်ကျော်လင်းနှင့်ဇနီး ဒေါ်ဝင်းဝင်းသိန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၀၃။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးအောင်မျိုးဝင်း နှင့်ဇနီးဒေါ်စန်းစန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၀၄။ | ဦးအောင်သူရနှင့်ဇနီး ဒေါ်လှလှသန်း၊ သား မောင်ခွန်စည်သူဟိဏ်း၊ မောင်သုတအောင်၊ သမီး မမေသူသူကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၀၀၅။ | ဗိုလ်ချုပ်စစ်နိုင်နှင့်ဇနီး ဒေါ်ယဉ်နွဲ့ဟန် မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၁ စုံ) | ၂၀၀၀၀၀၀ |
| ၇၀၀၆။ | ဦးစောဒီးဒီးမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၃ စုံ) | ၆၀၀၀၀၀၀ |
| ၇၀၀၇။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဖခင်ကြီး ဗိုလ်မှူးကြီးမြင့်အောင်နှင့်မိခင်ကြီး ဒေါ်တင်တင်ရွှေတို့အားရည်စူး၍ ဦးမျိုးမြင့်အောင်နှင့်ဇနီး ဒေါ်မော်မော်အောင်၊ သားမောင်ရှိန်းဘိုတင် မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၂ စုံ) | ၄၀၀၀၀၀၀ |
| ၇၀၀၈။ | ဗဟိုဘဏ်မှ ဝန်ထမ်းများမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၁ စုံ) | ၂၀၀၀၀၀၀ |
| ၇၀၀၉။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်မာဆွေ၊ (သားကြီး)ကိုတင်ထွဋ်ဦး၊ (သားငယ်)ကိုညီညီထူး မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၁ စုံ) | ၂၀၀၀၀၀၀ |
| ၇၀၁၀။ | ကွယ်လွန်သူဦးတင်ငွေနှင့်ဇနီး ဒေါ်နုနုတို့အားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်များကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၁ စုံ) | ၂၀၀၀၀၀၀ |
| ၇၀၁၁။ | ကွယ်လွန်သူဘိုးဘွား၊ မိဘ၊ ဆရာသမားများအား ရည်စူး၍ ဦးမိုးမြင့်၊ ဦးစည်သူမိုးမြင့်၊ ဦးဖုန်းကျော်မိုးမြင့် မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၁ စုံ) | ၂၀၀၀၀၀၀ |
| ၇၀၁၂။ | မိဘများဖြစ်ကြသော ဒေါက်တာမျိုးမြင့်နှင့်ဇနီး ပါမောက္ခဒေါ်တင်တင်တို့အားရည်စူး၍ (သား)ကိုကောင်းဇံမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်- ၁ စုံ) | ၂၀၀၀၀၀၀ |
| ၇၀၁၃။ | ကွယ်လွန်သူ ဒေါ်စိန်မမအားရည်စူး၍ ဦးသန်းအောင် (သမီး)ဒေါက်တာဇာခြည်အောင်+ဦးဖြိုးသူမြင့်၊ (သား)ဦးဟိန်းမင်းလတ်နှင့်ဇနီး ဒေါ်အိအိကျော်ဝင်း၊ (မြေး) မောင်ဟိန်းနန္ဒ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်- ၁ စုံ) | ၁၂၀၀၀၀၀ |
| ၇၀၁၄။ | ဦးတင်မြနှင့်ဇနီး ဒေါ်ခင်ခင်ကြီး မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်- ၁ စုံ) | ၁၂၀၀၀၀၀ |
| ၇၀၁၅။ | ဦးသိန်းဟန်နှင့်ဇနီး ဒေါ်ခင်ဝမ်း မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်- ၁ စုံ) | ၁၂၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


### ဖခင်အမည်မှန်

ရော၀တီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အထက (ကနောင်)၊ Grade 10 (B) မှ ကမ-၃၈၁၄ မဝေဝေချစ်စု၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်းထွန်း[၁၄/မအန(နိုင်)၁၂၄၄၂၇] ဖြစ်ပါသည်။ **ဦးနိုင်ဝင်းထွန်း**

### အမည်ပြောင်း

သန်လျင်မြို့နယ်၊ အမက (ခဲမဖြူသတ္တုစင်) G-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းဇော်အောင် [၇/ပမန (နိုင်)၁၅၇၇၈၈]၏သမီး မချစ်ချစ်ခိုင်အား မချောစုလင်းဟု ခေါ်ဆိုပါရန်။ **မချောစုလင်း**

### ပျောက်ဆုံးကြောင်း

ဦးသိုက်အောင်စိုး(ဘ)ဦးစိန်သန်း[၁၄/သပန(နိုင်)၁၀၈၄၉၇] ကိုင်ဆောင်သော နိုင်ငံကူး လက်မှတ်အမှတ် MB 403174 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-444780350**

### မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ နယ်မြေ(၈)၊ အမှတ်(၂၉၂)နေ (ဘ) ဦးမြင့်ရွှေ၏သမီး မညီမာလွင် [၁/မကန(နိုင်)၁၃၂၀၀၇]၏မွေးသက္ကရာဇ် အမှန်မှာ (၄-၈-၁၉၈၆) ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ နယ်မြေ(၈)၊ အမှတ်(၂၈၅)နေ (ဘ) ဦးစိုင်းစိန်မြင့်အောင်၏သမီး မနန်းစုစုဌေး[၁/မကန(နိုင်)၂၈၂၀၁၄] ၏ မွေးသက္ကရာဇ်အမှန်မှာ (၉-၅-၂၀၀၆) ဖြစ်ပါသည်။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၉-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၈)SPဒေါ်စိုးလှဲ့ရည်၏မြေပုံကူးတွင်လျှောက်ထားသည့်အကြောင်းအရာမြေပုံကူးအစားအရောင်းမြေပုံကူးလျှောက်ဟု အမှန်ဖတ်ရှုပါရန်။

### ဗလငါးတန်
### ဖွံ့ဖြိုးဖို့
### စာအုပ်စာပေ
### လေ့လာစို့

# ICBC ရန်ကုန်ဘဏ်ခွဲသည် မြန်မာနိုင်ငံတွင် ပထမဆုံး CIPS Direct Participant အဖြစ် RMB ငွေလွှဲလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်း

၂၀၂၃ ခုနှစ် အောက်တိုဘာလ (၂၃)ရက်နေ့ နံနက်ပိုင်းတွင် ICBC ရန်ကုန်ဘဏ်ခွဲသည် Direct Participant အဖြစ် မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများကို CIPS System အသုံးပြု၍ Cross Border RMB ငွေလွှဲဝန်ဆောင်မှုနှင့် Clearing လုပ်ငန်းများကို အောင်မြင်စွာကူညီဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်သည် CIPS ၏ RMB Cross Border လုပ်ငန်းတွင်ကျယ်စွာ အသုံးပြုလာနိုင်စေရေးအတွက် ICBC ရန်ကုန်ဘဏ်ခွဲ၏ သိသာထင်ရှားသော ကူညီပံ့ပိုးမှုတစ်ရပ်ဖြစ်လာခဲ့သည်။

ICBC ရန်ကုန်ဘဏ်ခွဲသည် (၂၀၂၃)ခုနှစ် ဇွန်လ၌ CIPS ကုမ္ပဏီထံတွင် Direct Participant အဖြစ် ဦးစွာလျှောက်ထားခဲ့ပြီး စက်တင်ဘာလတွင် CIPS Direct Participant အဖြစ် အတည်ပြုခြင်းကိုရရှိခဲ့ပါသည်။ စက်တင်ဘာလ (၂၁)ရက် နေ့တွင် CIPS System ဖြင့် စမ်းသပ်လုပ်ဆောင်ခြင်းအား အောင်မြင်ခဲ့ပြီးနောက် အောက်တိုဘာလ (၁၈)ရက်နေ့တွင် ICBC ရန်ကုန်ဘဏ်ခွဲ၏ Core Banking System နှင့် CIPS System ကို တရားဝင်ချိတ်ဆက်နိုင်သည့် မြန်မာနိုင်ငံတွင် ပထမဆုံးသော CIPS Direct Participant ဖြစ်လာခဲ့သည်။

အနာဂတ်တွင် ICBC ရန်ကုန်ဘဏ်ခွဲသည် ICBC Group ၏ ကောင်းမွန်လှသော ငွေကြေးဆိုင်ရာ Clearing ဝန်ဆောင်မှု များနှင့် CIPS တွင် Direct Participant ဖြစ်တည်ခြင်း၏ အားသာချက်များကိုအသုံးပြု၍ Cross border RMB ဝန်ဆောင်မှု များကို ပိုမိုထိရောက်လုံခြုံမြန်ဆန်စွာဖြင့် နိုင်ငံတကာငွေပေးချေမှုအတွက် မြန်မာနိုင်ငံရှိ RMB လုပ်ငန်းစဉ်များကို အဓိက ပါဝင်ကူညီပေးသွားမည်ဖြစ်ပါသည်။

**ICBC ရန်ကုန်ဘဏ်ခွဲ**

**2023/10/26**

## ပျောက်ဆုံးကြောင်း

မဆုလာဘ်မွန် [၇/အတန(နိုင်)၁၄၁၈၇၀] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်– ME–228645 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–261627853**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့၊ ခမင်းကုန်း၊ မူလတန်းလွန်ကျောင်း၊ Grade(4)မှ မမြတ်နိုးဝေနှင့် Grade(2)မှ မောင်အလင်းခ တို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်မျိုးထွဋ် [၁၂/သလန(နိုင်)၁၉၅၈၃၈] ဖြစ်ပါကြောင်း။

**ဦးနိုင်မျိုးထွဋ်**

## ပျောက်ဆုံးကြောင်း

မနွေးနန္ဒာနှင်း [၁၂/ဗဟန(နိုင်)၁၀၀၆၁၂] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–443999920**

## ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဘိတ္တတ်ကျေးရွာ၊ ထုံးဘူးကျအပိုင်း၊ အိမ်အမှတ်(၂၃)နေ ဒေါ်သင်းသင်းစိုး(၁၄/လပတ(နိုင်)၀၀၁၆၀၇)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့၊ နဝဒေးဆိုင်ခန်းအိမ်ရာ၊ (၃/၄)ရပ်ကွက်၊ တိုက်(၄)၊ အမှတ်(၁၁၈၅)ရှိ Win Motor Co., Ltd နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ (၄)လွှာ၊ အခန်းအမှတ်(၄၀၂)ရှိ Win Progress Services Co., Ltd. တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်သင်းသင်းစိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်–

ဒေါ်သင်းသင်းစိုးသည် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီများထံမှ (၈-၆-၂၀၁၈)ရက်နေ့စွဲပါ အငှားဝယ်အရစ်ကျငွေပေးချေစနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာအရောင်းအဝယ်ကတိပြုစာချုပ်အမှတ်(WF/HP-298/2018)ဖြင့် Brand New Deutz-Fahr Farm Tractor AGROLUX 60E (1)Unit ကို မြန်မာငွေကျပ်-၃၉,၇၂၆,၂၀၁/- ဖြင့် အရစ်ကျပေးချေခြင်း အကြွေးစနစ်အရ ဝယ်ယူသွားပြီး စက်ယန္တရားကို လက်ခံရယူသွားသော်လည်း ယနေ့ အချိန်အထိ စက်ယန္တရားဖိုးကျန်ငွေနှင့် ရက်လွန်ကြေးနှစ်ရပ်စုစုပေါင်း မြန်မာငွေကျပ်-၁၀၄,၁၂၁,၀၈၅/- ပေးသွင်းရန်ကျန်ရှိကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်၍ ဤကြေညာပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း လူကြီးမင်း ပေးသွင်းရန်ရှိသော မြန်မာကျပ်ငွေ-၁၀၄,၁၂၁,၀၈၅/- တိတိကို Win Progress Services Co., Ltd မရမ်းကုန်းမြို့သို့ လာရောက်ပေးသွင်းရန် အကြောင်းကြားပါသည်။ လာရောက်ပေးသွင်းခြင်းမရှိပါက ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းနှင့် တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သင်းသင်းစိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီများ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၁)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၃၇၃၃။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉)ရှိ TGK Villa, တိုက်အမှတ်(A)၊ အခန်းအမှတ်(304)၊ ၃–လွှာ (3rd Floor)ဟုခေါ်တွင်သော အကျယ်အဝန်း စတုရန်း (၁၀၀၉) စတုရန်းပေရှိကွန်ဒိုတိုက်ခန်းကို ဒေါ်လီရှောက်ဆန်း [၁၃/လကန(နိုင်)၀၀၂၂၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိင်္ဂီစိုး[၁၂/ဗဟန(နိုင်)၀၉၀၄၃၉]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသင်းမြတ်ဆန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၈၈၄)**
**အမှတ်(၁၆၄/ခ)၊ (၄)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၂၇၁၁၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ တင်းတိပ်ကျေးရွာအုပ်စု၊ စီတီးရပ်၊ အမှတ်– ၁၁၂ နေ ဦးစန်းကြူး [၅/စကန(နိုင်)၁၆၇၀၆၅]နှင့် ဒေါ်ခင်စုမာ [၅/စကန(နိုင်)၁၄၅၇၆၄] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးစန်းကြူးနှင့် ဒေါ်ခင်စုမာတို့၏ သားဖြစ်သူ **မောင်အောင်ကျော်သူ [၅/စကန(နိုင်)၂၁၃၆၄]**သည် မိဘများ၏ ဆိုဆုံးမမှုကိုလက်မခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များပြုလုပ်ခဲ့သည့်အပြင် မိဘများ၏ဂုဏ်သိက္ခာကျဆင်းအောင်၊ စိတ်ဆင်းရဲသောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ သို့ဖြစ်၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှ သက်ဆိုင်ခြင်း လုံးဝမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နေရီရီလင်း**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၃၈)**
**အမှတ်–၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၈၆၃၃၅**

## "ခေတ်တ မလေးရှား Facebook Account ပိုင်ရှင်နှင့် အများသိစေရန်"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၆၂/ဘီ)၊ ပထမအလွှာရှိ ရုံးခန်းဧရိယာတွင် တည်ထောင်ဖွင့်လှစ်ထားသော **GOEN Myanmar Co., Ltd.** ("GOEN Myanmar ကုမ္ပဏီ")၏ကိုယ်စား **ဒါရိုက်တာ ဦးမင်းသီဟ** [နိုင်ငံသားစိစစ်ရေးကတ်အမှတ် – ၁၂/ဗဟန(နိုင်)၀၈၈၀၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ **"ခေတ်တ မလေးရှား Facebook Account ပိုင်ရှင်နှင့် အများသိစေရန်"** အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

**GOEN Myanmar** ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင် ထားသည့်ကုမ္ပဏီဖြစ်ပြီး မြန်မာအလုပ်သမားများအား ဂျပန်နိုင်ငံတစ်နိုင်ငံတည်းသို့ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီတစ်ခုဖြစ်ပါသည်။

**ခေတ်တ မလေးရှား Facebook Account** ပိုင်ရှင်သည် ၎င်း၏ Facebook လူမှုကွန်ရက်စာမျက်နှာတွင် **GOEN Myanmar Agent** ဟု မဟုတ်မမှန်ဖော်ပြ၍ GOEN Myanmar ကုမ္ပဏီ၏ Facebook လူမှုကွန်ရက်စာမျက်နှာမှ ဓာတ်ပုံများကို ရယူအသုံးပြုပြီး၊ မြန်မာအလုပ်သမားများကို မလေးရှားနိုင်ငံသို့ အလုပ်အကိုင်ရှာဖွေ ချိတ်ဆက်ပို့ဆောင်ပေးနေကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

**GOEN Myanmar** ကုမ္ပဏီသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကုမ္ပဏီ Agent အနေဖြင့် ခန့်အပ်တာဝန်ပေးထားခြင်း (လုံးဝ) မရှိသည့်အပြင် **GOEN Myanmar** ကုမ္ပဏီနှင့် **ခေတ်တ မလေးရှား Facebook Account** ပိုင်ရှင်တို့အကြားတွင် ပတ်သက်ဆက်စပ်မှု တစ်စုံတစ်ရာမရှိပါ။ သို့ဖြစ်ပါ၍ ၎င်း အကောင့်ပိုင်ရှင်နှင့် ပြည်ပအလုပ်အကိုင် လုပ်ငန်းကိစ္စများ ဆက်သွယ်ဆောင်ရွက်ခြင်းကြောင့် ပြဿနာ တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက **GOEN Myanmar** ကုမ္ပဏီအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ထို့အပြင် **GOEN Myanmar** ကုမ္ပဏီ၏ အမည်၊ အမှတ်တံဆိပ်နှင့် **GOEN Myanmar** ကုမ္ပဏီ၏ Facebook Page အပါအဝင် အခြားလူမှုကွန်ရက်စာမျက်နှာများမှ ဓာတ်ပုံနှင့် အကြောင်းအရာများကို ရယူအသုံးပြုလုပ်ဆောင်နေသူ မည်သူ့ကိုမဆို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း **ခေတ်တ မလေးရှား Facebook Account** ပိုင်ရှင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးသန့်ဇင်ထွန်း** | **ဒေါ်နန်းယဉ်ယဉ်လင်း** |
| **LL.B., D.B.L., D.I.L., D.M.L., D.I.P.L .** | **LL.B., M.A. (Business Law)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၁၂၃၆)** | **(စဉ်– ၁၃၅၂၂)** |

**အခန်းအမှတ်–၂၀၈၊ မဟာမြေစင်တာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၁၁၂၆၅၄၆၊ ၀၉–၄၀၁၅၅၀၈၇၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **“ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ” ဟု ဖွင့်ဆိုသည်ကိုလည်းတွေ့ရ...**

❖ **လူတစ်ယောက်သည် ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ်...**

❖ **ပညာကိုသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၂/ ၂၀၂၃) ကျင်းပ

### MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်မည်

**နေပြည်တော် အောက်တိုဘာ ၂၅**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒေါက်တာချာလီသန်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၂/ ၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

---

**ယနေ့ ဖတ်စရာ**

**ကျောက်တံခါးမြို့နယ် သူဌေးကုန်းဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား ရထားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ထပ်မံကျူးလွန်၊ ရထားလမ်းပျက်စီး၍ ခရီးစဉ်များ ကြန့်ကြာမှုဖြစ်ပွားခဲ့**

စာမျက်နှာ » ၁၆

---

## AFC Cup အုပ်စုတတိယပွဲအဖြစ် ရှမ်းယူနိုက်တက် အဝေးကွင်းကစားရမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၂၃-၂၀၂၄ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုတတိယပွဲကို အောက်တိုဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုတတိယပွဲအဖြစ် ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရီဇယ်လ်မန်မိုရီရယ်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ရှမ်းယူနိုက်တက်နှင့် ဆီဘူးအသင်းတို့မှာ နှစ်ပွဲဆက်တိုက် အရေးနိမ့်ထားသဖြင့်

စာမျက်နှာ ၁၅ ကော်လံ ၄ သို့ ✻